စက်မှုအလင်း ဂျာနယ်
Beacon of Industry
Vol.2, No.20 - Nov 15 , 2017
www.industry.gov.mm
စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး Hon. Rex Tillerson အား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး Hon. Rex Tillerson အား နိုဝင်ဘာလ ၁၅ ရက်နေ့၊ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အောင်မြင်ရေး၊ ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုအတွက် ဆက်လက်ကူညီပံ့ပိုးပေးရေး၊ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသော အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။ ၇

## နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကျင်းပ စက်မှုထုတ်ကုန်ပစ္စည်းများအား ခင်းကျင်းပြသ



နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၇)ကို နိုဝင်ဘာလ ၁ ရက်နေ့၊ နေ့လယ် ၁ နာရီတွင် နေပြည်တော်၊ ရုံးအမှတ် (၁)၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော် နိုင်ငံပိုင်စက်ရုံများ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ၂

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

**မျက်နှာဖုံးမှ -**

အဆိုပါ အစည်းအဝေးတွင် နိုင်ငံပိုင်စက်ရုံများအား ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်စေမည့် အစီအစဉ်များနှင့်ပတ်သက်၍ မူဝါဒတစ်ရပ်ချမှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများသည် ရုံးအမှတ် (၁) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ စက်မှုဝန်ကြီးဌာန၊ နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စက်ရုံများမှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှု အခြေအနေနှင့် နိုင်ငံတော်အတွက် အထူးလိုအပ်နေသော လျှပ်စစ်ခါတ်အားထုတ်လုပ်ရေး၊ လယ်ယာကဏ္ဍနှင့်ကျန်းမာရေးဝန်ဆောင်မှုသုံးယာဉ်နှင့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး**(ပုံ)** ဈေးကွက်ဝင်ထုတ်ကုန်များ ပုဂ္ဂလိကနှင့်ပူးပေါင်းထုတ်လုပ်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။





H & M ပြည်ပပို့ကုန်များအားတွေ့မြင်ရစဉ်။




**ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကျန်းမာရေးဝန်ကြီးဌာန၏ အကြံပြုချက်နှင့်အညီ တပ်ဆင်ထုတ်လုပ်သည့် လူနာတင်ယာဉ်များအား ကြည့်ရှုလေ့လာကြစဉ်။(အောက်ပုံ)**








# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် နိုဝင်ဘာလ ၁၁ ရက်နေ့၊ နံနက်ပိုင်းတွင် အစိုးရ-ပုဂ္ဂလိကအကျိုးတူဖက်စပ်လုပ်ကိုင်လျက်ရှိသည့် **အမှတ် (၃) ဆေးဝါးစက်ရုံ (စစ်ကိုင်း) ရှိ စိမ်းပြာ ရေညှိထွက်ရှိရာ ရေခါးအင်း**သို့ရောက်ရှိပြီး ဦးစွာအင်းအတွင်း ရေချိုဝင်ရောက်မှုမရှိစေရန် ဆောင်ရွက်ထားရှိမှုနှင့် အင်းအတွင်းမှစိမ်းပြာရေညှိများ သယ်ယူစစ်ထုတ်နေမှုနှင့် ရေညှိအခြောက်ခံထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက်ပင်မ စက်ရုံသို့ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်တွင် စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူဖက်စပ်ဆောင်ရွက်လျက်ရှိသော စစ်ကိုင်း ဇွန်ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးကုမ္ပဏီ၏ ဒါရိုက်တာက စက်ရုံ၏လုပ်ငန်းလည်ပတ်လုပ်ကိုင်နေသည့်အခြေအနေ၊ ထုတ်ကုန်ပစ္စည်းအမယ်သစ်များ ထုတ်လုပ်နေမှုအခြေအနေနှင့် စိမ်းပြာရေညှိထွက်ရှိရာ သဘာဝအင်းများ၏ နှစ်အလိုက် ရေညှိထွက်ရှိမှုနှင့် အင်းများအတွင်း ရေချိုဝင်ရောက်၍ စိမ်းပြာရေညှိအထွက်နှုန်းကျဆင်းလျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် WHO ၏ထုတ်လုပ်မှု ကျင့်စဉ်အမှန်ဖြစ်သော GMP Guideline များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ **စိမ်းပြာရေညှိထွက်ရှိရာ တွင်းတောင်သဘာဝအင်း**သို့ရောက်ရှိပြီး တိုင်းဒေသကြီးမှတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရှားပါးအဖိုးတန် သဘာဝသယံဇာတအရင်းအမြစ်များထိန်းသိမ်းရေးနှင့် တွင်းတောင်ဒေသ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ စိမ်းပြာရေညှိထွက်ရှိရာ **တွင်းတောင်သဘာဝအင်း** အား ကြည့်ရှုစစ်ဆေးစဉ်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့်အတူ **ရေဘုတလင်မြစ်ရေတင်စီမံကိန်းရှိ ရေပေးဝေရေးစခန်းများ**သို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။ ဒေသခံပြည်သူလူထု၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝအဖိုးတန်သယံဇာတများကို အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ပညာရှင်များအား ဖိတ်ကြား၍ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကိုကျင်းပပြီး စနစ်တကျဝိုင်းဝန်းသုံးသပ်ဆွေးနွေးသွားကြမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် **အမှတ် (၆) အထည်စက်ရုံ (ဆားလင်းကြီး)** သို့ရောက်ရှိရာ စက်ရုံမှူးက စက်ရုံ၏ကုန်ထုတ်လုပ်မှု၊ ရောင်းချဖြန့်ဖြူးမှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံရေရှည်ရပ်တည်ရေးအတွက် ဝန်ထမ်း

**စာမျက်နှာ ၅ သို့-**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
# မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီးဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Zonshine ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာလ ၆ ရက်နေ့၊ နေ့လယ် ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် စက်မှုဝန်ကြီးဌာနရှိ စက်မှုသင်တန်းကျောင်းများအား အဆင့်မြှင့်တင်ရေး၊ သင်ရိုးညွှန်းတမ်းနှင့်သင်ထောက်ကူပစ္စည်းများ ခေတ်နှင့်အညီပြုပြင်ပြောင်းလဲရေး၊ သင်တန်းဆရာများအား လေ့ကျင့်သင်ကြားရေးအတွက် TOT Center ထူထောင်ရေး၊ ပုဂ္ဂလိက စက်မှုကဏ္ဍလိုအပ်ချက်နှင့်ကိုက်ညီသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် သင်တန်းအသစ်များတိုးချဲ့ဖွင့်လှစ်ရေး၊ ကဏ္ဍအလိုက်ကျွမ်းကျင်လုပ်သားနှင့် ပညာရှင်များလေ့ကျင့်မွေးထုတ်ပေးနိုင်ရန်အတွက် စက်မှုသင်တန်းကျောင်းများနှင့် စက်မှုလုပ်ငန်းများအား သွားရောက်လေ့လာပြီး Feasibility Study ဆောင်ရွက်ရန်နှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
# မြန်မာ့ဆေးဝါးလုပ်ငန်း၊ သုတေသနနှင့်ဆေးဝါးစက်ရုံ (အင်းစိန်) ကို ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် အောက်တိုဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းက **ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရှိ မြန်မာ့ဆေးဝါးလုပ်ငန်း၊ သုတေသနဌာန** သို့ရောက်ရှိပြီး ဆေးဝါးအမယ်သစ်များ၏ အရည်အသွေးစမ်းသပ်စစ်ဆေးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက ပြင်ပမှ လာရောက်အပ်နှံသော ထုတ်ကုန်များကိုစစ်ဆေးရာတွင် အရည်အသွေးစံနှုန်းထောက်ခံပေးမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကျွမ်းကျင်ပညာရှင်များကိုယ်တိုင် တိကျစွာဆောင်ရွက်ပေးရန်နှင့် တွေ့ရှိချက်များအား စနစ်တကျမှတ်တမ်းရေးသွင်းရန်၊ အရည်အသွေးစစ်ဆေးရေးကိရိယာများအား ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်ပြီး ပုံမှန် Update လုပ်ရန်၊ စမ်းသပ်တွေ့ရှိချက်များအား မည်သူမျှ ဘက်မလိုက်ဘဲဆောင်ရွက်ရန်နှင့် အန္တရာယ်ရှိစားကုန်များကြောင့် လူအများအန္တရာယ်မဖြစ်စေရန် ဂရုပြုဆောင်ရွက်ရန်၊ စမ်းသပ်စစ်ဆေးချက်များအားလုံး Time Schedule ထားရှိပြီး ဆုပေး၊ ဒဏ်ပေးသည့်စနစ်ထားရှိရန်၊ တီထွင်စမ်းသပ်မှုများအား တန်ဖိုးရှိအောင်လုပ်ရန်နှင့် စနစ်မကျသောဆောင်ရွက်မှုများအား တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ထိန်းသိမ်းလုပ်ဆောင်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ (အင်းစိန်) ရှိ ဘီပိုးကာကွယ်ဆေးများ အိမ်တိုင်ရာရောက်ဝန်ဆောင်မှု ဆောင်ရွက်ပေးမည့်အစီအမံများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ရန် မှာကြားသည်။ ဘီပိုးကာကွယ်ဆေး လာရောက်ထိုးနှံသည့်သူများအား ကွန်ပျူတာဖြင့် Time Schedule ပြုလုပ်၍ ဝန်ဆောင်မှုပေးနေမှုအား ကြည့်ရှုစစ်ဆေးပြီး BPI ဆေးဝါးအရောင်းဆိုင်တွင် BPIဆေးဝါးများ ပြည်သူလူထုမှ ဝယ်ယူအားပေးနေမှုကို အားပေးကြည့်ရှုခဲ့သည်။



ပြည်ထောင်စုဝန်ကြီး BPI ဆေးဝါးစက်ရုံ (အင်းစိန်) ရှိ အရည်အသွေးစစ်ဆေးရေးဌာနနှင့် အရက်ပျံထုတ်လုပ်မှုဌာနတို့အား ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် BPI ဆေးဝါးစက်ရုံ (အင်းစိန်) ရှိ အရည်အသွေးစစ်ဆေးရေးဌာနနှင့် အရက်ပျံထုတ်လုပ်မှုဌာနတို့အား ကြည့်ရှုစစ်ဆေးသည်။ မြန်မာ့ဆေးဝါးလုပ်ငန်း၊ သုတေသနဌာနအနေဖြင့် Formula အသစ်ဖြင့် ဆေးအမယ်သစ်များ ထုတ်လုပ်ရန်အတွက် ဓာတုစမ်းသပ်မှုများ၊ အချိုရည်နမူနာ၊ ရေသန့်နမူနာ၊ အရက်ပြင်းနမူနာ၊ ပုလင်းသွင်းအရက်၊ အခြားစားသောက်ကုန်များအပြင် စက်ရုံများမှ စွန့်ပစ်ရေဆိုးများကိုလည်း ဓာတုဇီဝစမ်းသပ်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာများနှင့်ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းပေးလျက်ရှိကြောင်းသိရသည်။

ထို့နောက် ရွှေပြည်သာစက်မှုဇုန်ရှိ Myanmar Pou Chen ကုမ္ပဏီလီမိတက်သို့သွားရောက်ပြီး စက်ရုံမန်နေဂျင်းဒါရိုက်တာ Roger Lu က Adidas အမှတ်တံဆိပ်ဖိနပ်များ ထုတ်လုပ်၍ ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချနေမှုများအား ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ ပုဂ္ဂလိကကဏ္ဍပိုမိုလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် အခြေအနေများကို ညှိနှိုင်းအားပေးခဲ့ကြောင်းသတင်းရရှိသည်။



BPI ဆေးဝါးအရောင်းဆိုင်တွင် BPIဆေးဝါးများဝယ်ယူနေသည့် ပြည်သူများအား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။

# အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား နိုဝင်ဘာလ ၇ ရက်နေ့၊ နေ့လယ် ၁ နာရီတွင် Thiha Group၊ တရုတ်နိုင်ငံ CAMC Engineering ကုမ္ပဏီနှင့်ထိုင်းနိုင်ငံ Millcon Steel ကုမ္ပဏီတို့မှ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အား ပူးပေါင်းဆောင်ရွက်ရန် စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) ၏ဆက်လက်ဆောင်ရွက်ရန် စီမံကိန်းလုပ်ငန်းများအား ပုဂ္ဂလိကနှင့်ပူးပေါင်း၍ အပြီးသတ်ဆောင်ရွက်နိုင်ရေး၊ လက်ရှိပြီးစီးသည့် Phase-I မှဆက်လက်

**စာမျက်နှာ ၅ သို့-**

**စာမျက်နှာ ၃ မှ-**

များအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဈေးကွက်ဝင်ထုတ်ကုန်အမယ်သစ်များကို တီထွင်ဆန်းသစ်မှုများ ဖန်တီးထုတ်လုပ်နိုင်ရန် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် **ကနီမြို့ရှိ တွင်းမ၊ တောင်ပျောက်စိမ်း ပြာရေညှိအင်းများ** သို့ရောက်ရှိပြီး ရေညှိခြောက်အိတ်များ သိုလှောင်ထားရှိမှုအခြေအနေ၊ အင်းစပ်တွင် ကွမ်းပင်များစိုက်ပျိုးထားမှု၊ ဈေးဆိုင်များဖွင့်လှစ်ထားရှိမှုနှင့် အင်းအတွင်း ဟသ်ာ၊ ကြိုးကြာစသည့် ရေပျော်ဆောင်းခိုငှက်များ လာရောက်ကျက်စားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့နှင့်တွေ့ဆုံ၍ ပြည်သူတို့၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်မည့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် **အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)** သို့ရောက်ရှိပြီး သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ သင်တန်းအမျိုးအစားသစ်များ တိုးချဲ့သင်ကြားပေးနိုင်ရေးနှင့် သင်တန်းကျောင်းတိုးချဲ့ရေးအတွက် လိုအပ်သည်များကို ကြိုတင်မျှော်မှန်းတွက်ချက်ထားရန် လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် **အမှတ် (၅) အထည်စက်ရုံ (ပခုက္ကူ)** သို့ရောက်ရှိရာ ကျောင်းစိမ်းလုံချည်များ ထုတ်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေး ပိုမိုကောင်းမွန်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ရန်နှင့် ထုတ်ကုန်အမယ်သစ်များ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် နောက်ဆုံးပေါ်နည်းပညာများကို မပြတ်လေ့လာပြီး လက်တွေ့အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်



သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(ပုံ)

## အချိုရည်ဘူးခွံများ ထုတ်လုပ်သည့်စက်ရုံ သီလဝါ၌ဖွင့်လှစ်

Loi Hein Co.,Ltd. နှင့် Toyo Seikan Group တို့၏ Yangon Can Manufacturing Co.,Ltd. စက်ရုံဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၄ ရက်နေ့က သီလဝါစက်မှုဇုန်၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းထိန်၊ Loi Hein Co.,Ltd. ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ Toyo Seikan Group Holdings Co., Ltd. President Mr.Takao Nakai၊ Toyo Seikan Co., Ltd. President Mr. Ichio Otsuka၊ Yangon Can Manufacturing Co., Ltd. Managing Director Mr. Tomonori Ogata နှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ Mr. Kazuyuki Takimi၊ Mr. Takao Nakai၊ ဒေါက်တာစိုင်းဆမ်ထွန်း၊ Mr. Ichio Otsuka၊ Mr. Tomonori Ogata၊ ဦးဇော်ဇော်နှင့် ဒေါက်တာသန်းသန်းသွယ်တို့က စက်ရုံအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စက်ရုံအတွင်းအချိုရည်ဘူးခွံထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် ဂျပန်-မြန်မာချစ်ကြည်ရေးအကဖြင့် လည်းကောင်း၊ တေးသံရှင်ချမ်းချမ်းက တေးသီချင်းဖြင့်လည်းကောင်း ဖျော်ဖြေကြပြီး Mr. Tomonori Ogata က ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါစက်ရုံကို တည်ထောင်ရခြင်းနှင့်စပ်လျဉ်း၍ ဒေါက်တာစိုင်းဆမ်ထွန်းက 'အချိုရည်ဘူးခွံအတွက် အရင်က လတိုင်းကွန်တိန်နာ အလုံး ၈၀ ကို ထိုင်းနိုင်ငံက တင်သွင်းနေရပါတယ်။ ဒါကြောင့် နိုင်ငံခြားငွေအများကြီးကုန်ပါတယ်။ အခုတော့ စက်ရုံကိုဂျပန်ကုမ္ပဏီနဲ့ ဖက်စပ်တည်ထောင်နိုင်ခဲ့လို့ သက်သာသွားပါတယ်။ စက်ရုံက တစ်နှစ်ကို တန်ပေါင်း သန်းနှစ်ရာကျော်ထုတ်လုပ်မှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်မှာ နောက်ထပ်စက်ရုံတစ်ရုံ တည်ဆောက်မှာဖြစ်ပါတယ်' ဟု ပြောကြားခဲ့သည်။

**ရဲရင့်ရှိုင်း**

**စာမျက်နှာ ၄ မှ-**

ထုတ်လုပ်မည့် Steel Billet နှင့် Steel Slab များအတွက် ကုန်ကြမ်းနှင့်ထုတ်လုပ်မှုစရိတ်အားကျခံ၍ ထုတ်လုပ်ရေး၊ မြန်မာနိုင်ငံအတွက် အဓိကလိုအပ်သည့် သံနှင့်သံမဏိဆိုင်ရာ စံသတ်မှတ်ချက်များ ပူးပေါင်းသတ်မှတ်နိုင်ရေး၊ စီမံကိန်းပြီးစီးသည်အထိဆောင်ရွက်ပြီးပါက စက်ရုံအား Build Operate Transfer (BOT) စနစ်ဖြင့် နှစ်ရှည်ငှားရမ်းနိုင်ရေး (သို့) အကျိုးအမြတ်အပေါ်ရာခိုင်နှုန်းသတ်မှတ်ခွဲဝေသည့်စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးစသည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

လတ်တလော ရပ်ဆိုင်းထားသောစက်ရုံများအား ပြန်လည်စိစစ်၍ ပြည်သူလူထုအကျိုးပြုထုတ်ကုန်များကို ပုဂ္ဂလိကနှင့်ပူးပေါင်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုဆွေးနွေးသည့်ကုမ္ပဏီအပြင် အိန္ဒိယနိုင်ငံမှ Global Steel Co.,Ltd.၊ ကိုရီးယားနိုင်ငံမှ Posco Daewoo Steel Co., Ltd. တို့မှ ဆွေးနွေးကမ်းလှမ်းထားခဲ့ပြီး အမေရိကန်အခြေစိုက် BCI Co.,Ltd. မှလည်း ထွက်ရှိသမျှ ဝယ်ယူမည့်စနစ်ဖြင့် Off-take Agreement ချုပ်ဆိုရန် အဆိုပြုကမ်းလှမ်းထားကြောင်း သိရှိရသည်။

နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော သံနှင့်သံမဏိစက်ရုံစီမံကိန်းများသည် အရင်းအနှီးနှင့်အတတ်ပညာလိုအပ်ချက်များစွာရှိသည့်အပြင် ရေရှည်စဉ်ဆက်မပြတ်လုပ်ကိုင်လည်ပတ်နိုင်ရန် ဈေးကွက်သဘောတရားနှင့် နောက်ဆုံးပေါ်ထုတ်လုပ်မှု နည်းပညာများလိုအပ်သည့်အတွက် ကမ္ဘာ့သံမဏိဈေးကွက်တွင် ကောင်းစွာဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် နည်းပညာနှင့်ငွေကြေးအင်အားတောင့်တင်းသော ရင်းနှီးမြှုပ်နှံသူနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ စနစ်တကျစိစစ်ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းပြီးစီးပါက အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် သံချောင်းလုံး၊ သံပြားနှင့် အမိုးပြားများ၊ သံဘောင်နှင့်သံယက်မ၊ မီးရထားသံလမ်းတို့အပြင် ဈေးကွက်လိုအပ်ချက်ရှိသော အဆင့်မြင့်ထုတ်ကုန်အမျိုးမျိုးကို အရည်အသွေးပြည့်မီပြီး ဈေးနှုန်းသင့်တင့်စွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သံမဏိစက်ရုံစီမံကိန်းများဆိုင်ရာ အထူးအကြံပေးဖြစ်သူ ခရိုအေးရှားနိုင်ငံသား Mr.Damir Mezulic နှင့် မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## စက်မှုလက်မှုပညာများ အခမဲ့သင်ကြားပေးမည်

စက်မှုပညာရှင်များ၊ လက်မှုပညာရှင်များအဖြစ် မွေးထုတ်နိုင်ရန့် အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်အထိသာ ပညာသင်ကြားခဲ့သော လူငယ်များကို စက်မှုအင်ဂျင်နီယာစွမ်းအား သင်တန်းကျောင်းတစ်ခုကို အခမဲ့ဖွင့်လှစ်ပြီး သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ စက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများအသင်းကဦးစီး၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်းတို့က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရုံးတွင် မိတ်ဆက်တွေ့ဆုံပွဲပြုလုပ်ကာ ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာပြည်၌ အသက်မွေးပညာရပ်တစ်ခုခုကို လူငယ်များအားလုံးက အောင်လက်မှတ်တစ်ခုကို ရရှိထားခြင်းဖြင့် လုပ်ခလစာများကိုလည်း တစ်လလျှင် ၃ သိန်းမှ ၁၀ သိန်းအထိ ရရှိစေသည့်အတွက် လူငယ်များကို အသက်မွေးပညာမွေးထုတ်ပေးနိုင်ဖို့စီစဉ်နေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံစက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌက ပြောသည်။

၎င်းကပင် 'အကြောင်းအမျိုးမျိုးကြောင့် ဆုံးခန်းတိုင်ပညာမသင်ကြားခဲ့ရတဲ့လူငယ်တွေကို ရှာဖွေဖော်ထုတ်ပြီး သူတို့အားလုံး အားသာတဲ့လက်မှုပညာရပ်တွေကို တတ်မြောက်အောင်၊ ကိုယ်တိုင်ဘဝကို ရပ်တည်နိုင်အောင် သင်ကြားပေးသွားမယ်' ဟု ပြောကြားခဲ့သည်။

အဆိုပါအထက်တန်းကျောင်းသားဟောင်းများအသင်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းဖို့ကြိုးစားခဲ့သော်လည်း ယခု ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှသာ ယာယီတည်ထောင်ခွင့် အသင်းမှတ်ပုံတင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းများကို အခြေခံလျှပ်စစ်ပညာ၊ အခြေခံ ကားအဲယားကွန်းပညာ စသည်တို့ကိုသင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**အောင်ပိုင်မျိုး**

## အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စုပေါင်းမဟာဘုံကထိန်ကျင်းပ

စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) နှင့်တည်ဆောက်ရေးစီမံကိန်းတို့၏ ဧကဒသမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို အောက်တိုဘာလ ၂၇ ရက်နေ့၊ နံနက်ပိုင်းက ကံ့ကော်ပရိယတ္တိစာသင်တိုက်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါစုပေါင်းမဟာဘုံကထိန်ပွဲတော်တွင် ဟိုပုံးမြို့၊ တုံခမ်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာလောကထံမှ ငါးပါးသီလခံယူဆောက်တည်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့သည်။ ယင်းစုပေါင်းမဟာဘုံကထိန်ပွဲတော်တွင် စက်ရုံနှင့်တည်ဆောက်ရေးဝန်ထမ်းများမှ အလှူငွေနှင့်ဝတ္ထုပစ္စည်းများ၊ စုစုပေါင်း သိန်း ၈၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



စိုးမြင့် (ကျွန်းလှ)

## ကျွမ်းကျင်မှုအခြေပြုကာလတို သံဂဟေဆက် (၃) လ သင်တန်းများဆင်း

အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တွင် ဩဂုတ်လ ၁၄ ရက်နေ့မှ အောက်တိုဘာလ ၂၅ ရက်နေ့အထိ ဖွင့်လှစ်ပို့ချခဲ့သော Competency Based Modular Short Courses (CBMSC) ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်း (၂) မျိုးဖြစ်သည့် MIG/MAG Welding Course နှင့် Motorcycle Repair Maintenance Course သင်တန်းဆင်းပွဲကို အောက်တိုဘာလ ၂၅ ရက်နေ့၊ နံနက် ၉ နာရီ၌ ကျင်းပခဲ့ရာ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ကျောင်းအုပ်ကြီး ဦးရဲထွဋ်ဇော်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး ဦးရဲထွဋ်ဇော်၊ ဌာနမှူး ဦးသက်တင်နှင့် ဦးလှမျိုးဦး၊ နည်းပြအရာရှိ ဦးကျော်ဆန်းဝင်းတို့က ဓာတ်ငွေ့သုံးသံဂဟေဆက်သင်တန်း NSSA Level-1 (3F,4F) အသိအမှတ်ပြုအောင်လက်မှတ်ရ သင်တန်းသား ၄ ဦး၊ NSSA Level-1(3F) အသိအမှတ်ပြုအောင်လက်မှတ်ရ သင်တန်းသား ၉ ဦး၊ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း စက်မှုဝန်ကြီးဌာန အသိအမှတ်ပြုကျွမ်းကျင်မှု Level-1 အောင်လက်မှတ်ရ သင်တန်းသား ၅ ဦးနှင့်သင်တန်းသား ကိုယ်စားလှယ်တစ်ဦးထံ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး စုစုပေါင်း သင်တန်းသား ၂၄ ဦးတို့အား သင်တန်းဆင်းပေးနိုင်ခဲ့သည်။ **(ပုံ)**

အလားတူ စက်မှုဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB/JFPR-Japan Fund for Poverty Reduction) အထောက်အပံ့ဖြင့် ပဉ္စမမြောက်ဖွင့်လှစ်သည့် (Competency Based Modular Short Course) ကျွမ်းကျင်မှုအခြေပြုကာလတို ဂဟေဆက် (၃) လသင်တန်းများ၏သင်တန်းဆင်းပွဲအခမ်းအနားကို အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) တွင် နိုဝင်ဘာလ ၁ ရက်နေ့၊ နံနက် ၉ နာရီ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ဦးကျော်စွာဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး ကျောင်းအုပ် ဦးခွန်ဆမ်က သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။ အဆိုပါအခမ်းအနားသို့ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းနည်းပြဆရာ/ဆရာမများနှင့် သင်တန်းဆင်းသင်တန်းသားများ တက်ရောက်ကြပြီး လျှပ်စစ်ဂဟေဆက်သင်တန်းသား ၁၄ ဦး၊ ဓာတ်ငွေ့ဂဟေဆက်သင်တန်းသား ၁၃ ဦး၊ စုစုပေါင်း ၂၇ ဦး သင်တန်းဆင်းခဲ့ကြသည်။ သင်တန်းကာလမှာ ဩဂုတ်လ ၁၄ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ (၃) လဖြစ်ပြီး သင်တန်းဆင်း သင်တန်းသား ၂၇ ဦးမှ ၂၂ ဦးမှာ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အရည်အချင်းစစ်ဆေးမှုကိုခံယူခဲ့ရာ ၁၅ ဦး အောင်မြင်ခဲ့ကြောင်း သိရှိရသည်။ ❑




စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

အကြံပေး
ဦးသောင်းဦး

စာတည်းမှူးချုပ်
ဦးကျော်လှိုင်

ဒုတိယစာတည်းမှူးချုပ်
ဦးနိုင်ဇော်ဝင်း

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း
ဦးဟိန်းမင်းဇာ

စာမျက်နှာအပြင်အဆင်
ဒေါ်ခင်သီတာမိုး

ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး
ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး

ထုတ်ဝေသူ
ဦးအောင်စိုးရ
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် - ၀၀၅၀၁

ပုံနှိပ်သူ/ပုံနှိပ်တိုက်
ဦးမောင်မောင်လှ
ရွှေနိုင်ငံ (၀၀၂၉၆)
ရန်ကုန်မြို့
စောင်ရေ ၄၈၈၀

ဂျာနယ်တိုက်လိပ်စာ
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း - ၀၆၇ - ၄၀၅၀၅၇
၀၁ - ၂၅၀၆၅၁
E-mail
beaconofindustry@gmail.com

**မျက်နှာဖုံးမှ-**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ၎င်း၏မြန်မာနိုင်ငံခရီးစဉ်မှာ မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ကိစ္စ၏ သိမ်မွေ့နက်နဲမှု၊ မြန်မာအစိုးရ၏ သဘောထားအမြင်နှင့် ကြိုးပမ်းဆောင်ရွက်နေမှုများကို ပိုမိုသိရှိနားလည်ရေးအတွက်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် အကြမ်းဖက်မှုများဖြစ်ပွားပြီးနောက် တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာထွက်ပြေးသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ညှိနှိုင်းဆွေးနွေးနေမှုများကို ကြိုဆိုကြောင်း၊ အမေရိကန်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ဩဂုတ်လ ၂၅ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၈၇ သန်း ပေးအပ်ခဲ့ပြီးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄၇ သန်း ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်တွင် ရေရှည်တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်၌ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နေရပ်စွန့်ခွာထွက်ပြေးသူများအားစိစစ်ပြီး ပြန်လည်နေရာချထားရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံးရှိ လူငယ်များမှ စေတနာ့ဝန်ထမ်းအဖြစ် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD မှ ကြိုးပမ်းဆောင်ရွက်နေမှုများ စသည်တို့ကို ထည့်သွင်းရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး Hon. Rex Tillerson တို့က အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များ၏မေးမြန်းချက်များအပေါ် ဖြေကြားရာတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား လက်ရှိဆွေးနွေးမှုများမှာ အားရကျေနပ်စရာကောင်းကြောင်း၊ သင့်လျော်သောအဖြေ မရရှိသရွေ့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေရမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် နေရပ်စွန့်ခွာထွက်ပြေးသူများ နေရပ်ပြန်ရောက်ရန် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ပူးပေါင်း၍ နယ်စပ်ဒေသများရှိ နေထိုင်သူများအားလုံး အကာအကွယ်ပေးရန်လိုအပ်ကြောင်း၊ လူမျိုးတုံးသတ်ဖြတ်မှုဟူသော စွပ်စွဲချက်များနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုကို အရေးတကြီးလုပ်ဆောင်ရန် တိုက်တွန်းလိုကြောင်း၊ နေရပ်စွန့်ခွာထွက်ပြေးသူများ ချောမောစွာပြန်လာနိုင်ရေးအတွက် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိရန်လိုကြောင်း၊ ထို့အတူ ယင်းဒေသရှိ လူများအားလုံးလူမျိုး၊ ဘာသာမခွဲခြားဘဲ အကာအကွယ်ပေးရန်လိုအပ်ပြီး အကြမ်းဖက်မှုများကိုလည်း ရပ်တန့်ရန်လိုအပ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူမျိုးတုံးသတ်ဖြတ်မှု အသုံးအနှုန်းနှင့်ပတ်သက်ပြီး သတင်းအချက်အလက်ခိုင်လုံပါမှ အတည်ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများသည် လက်ရှိဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်ပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏အောင်မြင်မှုကို မြင်တွေ့လိုကြောင်း၊ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သည်ဆိုသောသတင်းများထွက်ပေါ်လာခြင်းနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အလွန်အမင်းစိုးရိမ်မိကြောင်း၊ ရခိုင်ပြည်နယ်ပြဿနာနှင့်ပတ်သက်၍ လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံကို ပိတ်ဆို့အရေးယူမှုပြုလုပ်မည် မဟုတ်ကြောင်း၊ မြန်မာနိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ဆက်လက်ကူညီရန် မိမိတို့သန္နိဋ္ဌာန်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးသည် မိမိတို့၏ ထိပ်တန်းဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အစိုးရနှင့် တပ်မတော်တို့အနေဖြင့် ရခိုင်အကြပ်အတည်းဖြေရှင်းရာတွင် အတူတကွပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏တိုးတက်အောင်မြင်မှုကို မိမိတို့မဟန့်တားလိုသည့်အပြင် ရရှိပြီးတိုးတက်မှုများကိုလည်း မဆုံးရှုံးစေလိုကြောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်မည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ဖွံ့ဖြိုးရေးအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုက ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာထွက်ပြေးသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၄၇ သန်း ထပ်မံပေးအပ်မည်ဖြစ်ရာ ဩဂုတ်လအတွင်း အကြမ်းဖက်မှုများဖြစ်ပွားချိန်မှစပြီး ယနေ့အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၇ သန်းထိရှိလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အမေရိကန်နိုင်ငံက ဆက်လက်ပံ့ပိုးမည်ဖြစ်ကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏ လုပ်ဆောင်ချက်များကို အပြုသဘောဖြင့် ထောက်ခံကြောင်း ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က သတင်းထောက်များ၏ မေးမြန်းချက်များကိုဖြေကြားရာတွင် မိမိတို့အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အကြပ်အတည်းကိုဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နေရပ်စွန့်ခွာထွက်ပြေးသူများ နေရပ်ပြန်ရောက်ရန် အစီအစဉ်များရေးဆွဲကာ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့အတူ ရခိုင်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် UEHRD ကိုဖွဲ့စည်းကာ လုပ်ငန်းစတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အကြပ်အတည်းနှင့်ပတ်သက်ပြီး မိမိက ရေငုံနှုတ်ပိတ်နေသည်ဟုပြောလာကြသည်မှာ မိမိစဉ်းစား၍မရကြောင်း၊ အမှန်တကယ်မှု မိမိနှုတ်ငုံပိတ်နေခဲ့ခြင်းမရှိပါကြောင်း၊ မြန်မာနိုင်ငံသားဟု မိမိကိုယ်ကိုမိမိ သက်သေပြနိုင်သူများကို မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၎င်းက မိမိနိုင်ငံရေးလုပ်ရာတွင် ဩဇာကြီးမားရန်မဟုတ်ဘဲ မြန်မာနိုင်ငံ၏တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်တွေကို ပြည်သူများခံစားရဖို့အတွက်ဖြစ်ကြောင်း၊ နိုင်ငံရေးလုပ်သည့်အခါ အတိုက်အခိုက်ခံရသည်မှာ အထူးအဆန်းမဟုတ်ကြောင်း၊ ယခင်က ပြည်တွင်းမှာရော ပြည်ပမှာပါ တိုက်ခိုက်ခံနေရကြောင်း၊ ယခုအခါမှာ ပြည်တွင်းတိုက်ခိုက်မှုမရှိသလောက်ဖြစ်သွားပြီး ပြည်ပတိုက်ခိုက်မှုများရှိနေကြောင်း၊ နိစ္စဓူဝတာဝန်ထမ်းဆောင်ရာတွင် ရင်ဆိုင်ရမည့်ကိစ္စဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိပါက အရေးကြီးဆုံးဖြစ်သောငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**‘ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင်**
**အမေရိကန်နိုင်ငံက**
**ဆက်လက်ပံ့ပိုးမည်ဖြစ်ကြောင်းနှင့်**
**ဒေါ်အောင်ဆန်းစုကြည်၏ လုပ်ဆောင်ချက်များကို**
**အပြုသဘောဖြင့် ထောက်ခံကြောင်း ’**

**အမေရိကန်ပြည်ထောင်စု**
**နိုင်ငံခြားရေးဝန်ကြီး Hon. Rex Tillerson**

**‘ ရခိုင်ပြည်နယ်အကြပ်အတည်းနှင့်ပတ်သက်ပြီး**
**မိမိက ရေငုံနှုတ်ပိတ်နေသည်ဟုပြောလာကြသည်မှာ မိမိစဉ်းစား၍မရကြောင်း၊**
**အမှန်တကယ်မှု မိမိနှုတ်ငုံပိတ်နေခဲ့ခြင်းမရှိပါကြောင်း၊ မြန်မာနိုင်ငံသားဟု**
**မိမိကိုယ်ကိုမိမိသက်သေပြနိုင်သူများကို မြန်မာနိုင်ငံသို့**
**ပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ’**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်**

## အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ၏ အမှတ်စဉ် (၈) သင်တန်းဖွင့်

စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုလုပ်ငန်းများအတွက် အခြေခံကျသော စက်မှုကျွမ်းကျင်လုပ်သားများကို စက်မှုသင်တန်းကျောင်း (၆) ကျောင်းဖွင့်လှစ်၍ စဉ်ဆက်မပြတ်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ၏ အမှတ်စဉ် (၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၃၀ ရက်နေ့ နံနက် ၉ နာရီတွင် သင်တန်းကျောင်းရှိ ကနောင်ခန်းမကြီး၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်နှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်တို့က အမှာစကားများပြောကြားကြသည်။ အခမ်းအနားသို့ စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများ၊ ပခုက္ကူခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းကျောင်းမှနည်းပြဆရာ/ဆရာမများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။






အဆိုပါသင်တန်းအား ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့အထိ သင်တန်းသား ၁၁၃ ဦး၊ သင်တန်းသူ ၃၁ ဦး၊ စုစုပေါင်း ၁၄၄ ဦးဖြင့် သင်တန်းကာလတစ်နှစ်ကြာ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကာ သင်တန်းပြီးဆုံးပါက အလုပ်အကိုင်ရရှိရေးအတွက် နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်စက်မှုလုပ်ငန်းများ၊ ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရှိရပြီး စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုသင်တန်းကျောင်း (၆) ကျောင်းမှ နှစ်စဉ်စက်မှုကျွမ်းကျင်လုပ်သား ၁,၀၀၀ ကျော်ကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

## ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးဆိုင်ရာ Seminar ကျင်းပ

မြန်မာနိုင်ငံ၏ စက်မှုကုန်ထုတ်စွမ်းအားကိုမြှင့်တင်ပေးမည့် စက်မှုလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် Japan Productivity Center (JPC) တို့ပူးပေါင်း၍ 'Capacity Building of Industrial Human Resource Development Organization for Productivity Improvement in Myanmar' စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းပါလုပ်ငန်းစဉ်များအရ နိုင်ငံပိုင် စက်မှုလုပ်ငန်းများအတွက် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးဆိုင်ရာ Seminar ကို နိုဝင်ဘာလ ၇ ရက်နေ့တွင် Grand Amara Hotel နေပြည်တော်၌ကျင်းပခဲ့ပြီး အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်မာရီနှင့် JPC မှ စီမံကိန်းမန်နေဂျာ Ms. Natsumi Nomoto တို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ Seminar တွင် JPC မှစီမံကိန်းမန်နေဂျာ Ms.Natsumi Nomoto က စီမံကိန်းဆိုင်ရာများကို အကျဉ်းချုပ်ရှင်းလင်းပြောကြားပြီး ဂျပန်ကျွမ်းကျင်ပညာရှင်များဖြစ်သော Mr. Kyohei Kurachi က ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးဆိုင်ရာ နည်းလမ်းဖြစ်သော KAIZEN အကြောင်းကိုလည်းကောင်း၊ Mr. Atsuo Kanai က ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးဆိုင်ရာ အခြေခံနည်းလမ်းဖြစ်သော 5S အကြောင်းနှင့် KAIZEN နည်းလမ်းများအနက် မှ IE & QC tool များအကြောင်းကိုလည်းကောင်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) မှ လက်ထောက်စက်ရုံမှူး ဒေါ်စံပယ်ဖြူက စက်ရုံတွင် ဂျပန်ကျွမ်းကျင်ပညာရှင်များ ဦးဆောင်၍ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးဆိုင်ရာ အကြံပေးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ခြင်း၏ အကျိုးရလဒ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။






Seminar သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအပါအဝင် ဦးစီးဌာနများ၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၄၀ ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွှေ့လျားသင်တန်း အမှတ်စဉ် (၃/၂၀၁၇) သင်တန်းဆင်း

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှကြီးမှူး၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင်ဖွင့်လှစ်ခဲ့သော အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွှေ့လျားသင်တန်း အမှတ်စဉ် (၃/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာလ ၁ ရက်နေ့ နံနက် ၉ နာရီတွင် စည်ပင်သာယာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်တက်ရောက်သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

သင်တန်းတွင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (လျှပ်စစ်စစ်ဆေးရေး) မှ သင်တန်းနည်းပြ ၅ ဦး၊ အခြားဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ သင်တန်းနည်းပြ ၄ ဦးတို့က လျှပ်စစ်နှင့်ပတ်သက်သော အသိပညာများကို အောက်တိုဘာလ ၉ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ ရက်သတ္တ ၄ ပတ်ကြာ စာတွေ့၊ လက်တွေ့ဆွေးနွေးသင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသို့ ရှမ်းပြည်နယ်မှ သင်တန်းသား ၇၃ ဦး တက်ရောက်ခဲ့ကြသည်။

ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေး၊ တည်ဆောက်ပြီးသော ဓာတ်အားလိုင်းများအား ထိန်းသိမ်းဆောင်ရွက်နိုင်ရေးနှင့် လျှပ်စစ်အသုံးပြုသောလုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးအတို့အတွက် ရည်ရွယ်ပြီး အဆိုပါသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**RESOURCES ARE LIMITED.**
**CREATIVITY IS UNLIMITED.**

## 'စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း' အမှတ်စဉ် (၅၁) သင်တန်းဆင်း

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နှင့်မြို့ပြကွာဟမှု မရှိစေရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ လူစွမ်းအားအရင်းအမြစ် မြှင့်တင်ရေးတို့အတွက် 'စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း' များကို မကွေးတိုင်းဒေသကြီးအတွင်းရှိ လိုအပ်ချက်ရှိရာ ကျေးလက်ဒေသများအရောက် ရက်တိုသင်တန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်မှုဝန်ကြီးဌာန၊ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) မှ ဖွင့်လှစ်သည့် စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း၊ အမှတ်စဉ် (၅၁) အခြေခံလျှပ်စစ်သင်တန်း သင်တန်းဆင်းပွဲကို နိုဝင်ဘာလ ၂ ရက်နေ့ နံနက် ၉ နာရီတွင် ထီးလင်းမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှဝန်ကြီး ဦးနေမျိုးကျော်နှင့် အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ကျောင်းအုပ်ကြီး ဦးရဲထွဋ်ဇော်တို့က သင်တန်းဆင်းအမှာစကားများ ပြောကြားပြီး ကျောင်းအုပ်ကြီး ဦးရဲထွဋ်ဇော်က သင်တန်းဆင်း လက်မှတ်များအား သင်တန်းသား ကိုယ်စားလှယ်တစ်ဦးထံပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသော ဧည့်သည်တော်များက သင်တန်းသားများ၏သင်တန်းဆင်း Project များနှင့် ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါသင်တန်းကို အောက်တိုဘာလ ၂၀ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက်နေ့အထိ သင်တန်းသား ၄၇ ဦးဖြင့် သင်တန်းကာလရက်သတ္တနှစ်ပတ်ကြာ လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ❑




## 'စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း' အမှတ်စဉ် (၅၂)၊ (၅၃) နှင့် (၅၄) သင်တန်းများဖွင့်

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) နှင့် မြန်မာ့သစ်လုပ်ငန်း၊ အမှတ် (၁)



လေ့ကျင့်ရေးသင်တန်းကျောင်း (နန်ချွန်) တို့ပူးပေါင်း၍ စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း အမှတ်စဉ် (၅၂) သင်တန်းကို နိုဝင်ဘာလ ၆ ရက်နေ့ နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်ရှိ နန်ချွန်သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာ့သစ်လုပ်ငန်းအထွေထွေမန်နေဂျာ (ရောင်း




စက်ဌာနမှူး)၊ နန်ချွန်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) ကျောင်းအုပ်ကြီးတို့က သင်တန်းဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ သင်တန်းသို့သင်တန်းသား ၃၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် **စက်ရုံ/အလုပ်ရုံလျှပ်စစ်သွယ်တန်းခြင်းဘာသာရပ်** ကို နိုဝင်ဘာလ ၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

အလားတူ စက်မှုဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) မှတာဝန်ယူဖွင့်လှစ်သည့် စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း အမှတ်စဉ် (၅၃) **အခြေခံသံဂဟေဆက်သင်တန်း**အား မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ စက်မှုလယ်ယာထွန်စက်စခန်းတွင် နိုဝင်ဘာလ ၆ရက်နေ့ နေ့လယ် ၂ နာရီ၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်နှင့် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ကျောင်းအုပ်ကြီး ဦးသန့်ဇင်တို့တက်ရောက်ပြီး အဖွင့်အမှာစကားများ ပြောကြားသည်။

သင်တန်းသို့ သင်တန်းသား ၃၆ ဦး တက်ရောက်ကြမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများတွင် အရေးပါသော သံဂဟေဆက်အတတ်ပညာအား နိုဝင်ဘာလ ၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ ရက်သတ္တနှစ်ပတ်ကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ထို့အတူ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) နှင့် New Starlight Construction Co.,Ltd. & Mandalay Management Corporation တို့ပူးပေါင်းဖွင့်လှစ်သည့် စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်းအမှတ်စဉ် (၅၄) ကို နိုဝင်ဘာလ ၆ ရက်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မင်္ဂလာ မန္တလေးအိမ်ရာ၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားပြီး စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ နည်းပညာဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဟန်နှင့် New Starlight Construction Co.,Ltd. & Mandalay Management Corporation မှ Deputy Managing Director ဦးတင်ငွေတို့က သင်တန်းဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၆၀ ဦး တက်ရောက်ခဲ့ကြပြီး **အခြေခံလျှပ်စစ်ပညာ**များကို နိုဝင်ဘာလ ၆ ရက်နေ့ မှ ၂၄ ရက်နေ့အထိ ရက်သတ္တသုံးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

# 2P အပူးအကွာရာစဉ် ရှစ်တွဲရောင်းချမှုမှ ငွေကျပ် ၂၇၂ သိန်းကောက်ခံရရှိ

ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များကို ကနဦးမှတ်ပုံတင်ပေးလျက်ရှိပြီး ယာဉ်ပိုင်ရှင်ဆန္ဒအရ အပူးနံပါတ်များအား ကြိုတင်ရောင်းချပေးလျက်ရှိခဲ့ရာ 2P အပူး အကွာရာစဉ်ရှစ်တွဲရောင်းချမှုမှ ငွေကျပ် ၂၇၂ သိန်းကောက်ခံရရှိခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကနဦးယာဉ်မှတ်ပုံတင်ဌာန၊ ထောက်ကြန့် က. ည. နရုံးမှစုံစမ်းသိရှိရသည်။

'အခုရောက်ရှိအကွာရာစဉ်က 1P အကွာရာစဉ်ကိုရောက်ရှိနေပေမယ့်လည်း ယာဉ်ပိုင်ရှင်ဆန္ဒအရ အပူးနံပါတ်တွေကို ကြိုတင်ရောင်းချပေးလျက်ရှိပါတယ်။ အပူးအကွာရာစဉ်မှာတော့ အပူးနံပါတ်ရှစ်တွဲကို ကြိုတင်ရောင်းချပေးထားပြီး ရောင်းချရန်အပူးနံပါတ်တစ်တွဲသာ ကျန်ရှိပါတော့တယ်' ဟု ထောက်ကြန့် က. ည. နရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ထောက်ကြန့် က. ည. နရုံး၏ 2P အပူးနံပါတ်လှရှစ်တွဲရောင်းချထားမှုစာရင်းများအရ 2P-1111 ကို ငွေကျပ် ၃၈ သိန်း၊ 2P-2222 ကို ငွေကျပ် သိန်း ၃၀၊ 2P-3333 ကို ငွေကျပ် ၂၂ သိန်း၊ 2P-5555 ကို ငွေကျပ်သိန်း ၃၀၊ 2P-6666 ကို ငွေကျပ်သိန်း ၃၀ သိန်း၊ 2P-7777 ကို ငွေကျပ် ၃၄ သိန်း၊ 2P-8888 ကို ငွေကျပ် ၄၈ သိန်းနှင့် 2P-9999 ကို ငွေကျပ်သိန်း ၄၀ တို့ဖြင့် အသီးသီးရောင်းချခဲ့သောကြောင့် ထိုအပူးနံပါတ်ရှစ်တွဲရောင်းချမှုမှ ငွေကျပ် ၂၇၂ သိန်း ကောက်ခံရရှိခဲ့ကြောင်းသိရသည်။

ထို့ပြင် ထောက်ကြန့် က. ည. နရုံး၏အောက်တိုဘာလ ၂၆ ရက်နေ့အထိ နံပါတ်များထုတ်ပေးမှုစာရင်းများအရလည်း 1P အကွာရာစဉ်တွင် 1P-9300 ဝန်းကျင်ရောက်ရှိနေကြောင်း သိရသည်။ **မင်းထွဏ်း**

# မိုးပျံပူဖောင်း ဖြစ်ချင်တယ်



**မင်းညတာရာ**

ကျွန်တော်သည် အမြင့်ကို ကြောက်သူဖြစ်သည်။ ထို့အတူ အမြင့်နေရာကနေ အောက်ဘက် ကမ္ဘာလောကဓာတ်တစ်ခွင်ကို ကြည့်ရသည့်အရသာကို နှစ်သက်မက်မောတတ်သူလည်း ဖြစ်နေပြန်သေးသည်။ အမှန်တကယ်တော့ ကျွန်တော်သည် အမြင့်ကိုတက်နေရင်းလမ်းခုလတ်မှာ ဒလိမ့်ကောက်ကွေးလိမ့်ကျသွားမှာကို စိုးရိမ်နေခြင်းသာ ဖြစ်သည်။ အမြင့်ကိုတက်ဖို့အတွက် ခိုင်မာတောင့်တင်းသော လှေကားထစ်တစ်ခုရှိဖို့ လိုအပ်သည်။ ထိုခိုင်မာတောင့်တင်းသော လှေကားထစ်တွေသာရှိခဲ့ရင် အမြင့်ကိုတက်ရမှာ မစိုးရိမ်မကြောက်ရွံ့သည့်အပြင် သက်တောင့်သက်သာ ချောမောစွာ ရောက်ရှိသွားလိမ့်မည်ဖြစ်သည်။

သို့သော် လှေကားထစ်ဆိုသည်မှာ မိမိစိတ်လောက်မစိုးပိုင်နိုင်ပေ။ မိမိ၏ အသိစိတ်လေးတစ်ချက်လွတ်ထွက်သွားပါက ဘယ်လောက်တောင် ခိုင်မာတောင့်တင်းသည့် လှေကားထစ်ဖြစ်ပါစေ ဒလိမ့်ကောက်ကွေးလိမ့်ကျသွားနိုင်သည်။ ထိုအခါမှ မိမိသည် ပိုပြီးနာကျင်ထိခိုက်ရပေလိမ့်မည်။ ထို့ကြောင့် အမြင့်ကိုအားယူတက်ရန်မှာ ခိုင်မာတောင့်တင်းသော လှေကားထစ်တစ်ခုရှိပါစေဦး။ မိမိကိုယ်ကိုသာ အဓိကဖြစ်သည်ဟု ကျွန်တော်မှတ်ယူပါသည်။ မိမိ၏စိတ်နှင့်ခန္ဓာကိုယ်ကို ကောင်းစွာမဆောက်တည်ဘဲ လှေကားထစ်တစ်ခုတည်းကိုသာ အားထားပါက မတော်တဆပြုတ်ကျခဲ့ပါလျှင် နာကျင်ထိခိုက်ရပေလိမ့်မည်။

အမြင့်တစ်နေရာကနေ ကြည့်ရှုရသော ဩကာသလောက၊ သတ္တလောကသည် ပို၍ပင်လှပဆန်းပြားနေတာကို မြင်တွေ့ရမည်ဖြစ်သည်။ သူတို့ကိုငုံ့ကြည့်ကာ ရှုကြည့်ရသော မြင်ကွင်းသည် Panorama မြင်ကွင်းကျယ်ပင်ဖြစ်သည်။ ထိုမြင်ကွင်းကျယ်ကပင် တစ်ခါမျှမခံစားဖူးသော ကြည်နူးပီတိအဟုန်ဖြင့် မိမိ၏စိတ်ကို လှိုက်မောသွားစေခဲ့သည်။ အမြင့်တစ်နေရာကနေ ကြည့်ရှုရတော့ မြင်ကွင်းအားလုံးကို စုံစုံလင်လင်မြင်တွေ့ရသည်။ အရောင်စုံ၊ အသွေးစုံ၊ အဆင်ဆန်း၊ အမြင်ဆန်းဖြစ်ရသေးသည်။

ကျွန်တော်တို့သည် လူသူမရောက်သော၊ ခဲယဉ်းသောတောင်ထိပ်ပေါ်ကို တက်ချင်ခဲ့ကြသည်။ မိုးထိအောင်လှေကားထောင်၍ ကောင်းကင်ဝေဟင်၌ ပျံသန်းချင်ခဲ့ကြသည်။ တောင်ထိပ်ကနေတစ်ဆင့် ဝေဟင်ကနေတစ်ဆင့် ဩကာသလောကကြီးနှင့်သတ္တလောကကြီး၏ အံ့မခန်းရှုချင်စရာမြင်ကွင်းကျယ်ကို မြင်လိုခဲ့ကြသည်။ Wright ညီနောင်သည် ကောင်းကင်မြင့်မြင့်မှာ ပျံသန်းနိုင်ဖို့အတွက် လေယာဉ်ကိုဖန်တီးခဲ့ကြသည်။ ၎င်းတို့သည် သူတို့၏အတောင်ပံတွေနှင့် ကောင်းကင်မြင့်မြင့်မှ အဝေးကြီးပျံသန်းနိုင်ခဲ့ကြသည်။

ကျွန်တော်လည်း သူတို့လိုပျံသန်းတတ်ချင်လိုက်တာ။ ဆရာမဂျူး၏ 'စောင့်နေမယ်လို့ မပြောလိုက်ဘူး' ဝတ္ထုထဲက I can fly tomorrow ဆိုသောစကားကို နှစ်သက်လွန်း၍ ကျွန်တော်မကြာခဏ ရေရွတ်ခဲ့ဖူးပါသည်။ မနက်ဖြန်တိုင်း ပျံသန်းနိုင်ဖို့အတွက် မိမိကိုယ်မှာအတောင်ပံတွေတပ်ဆင်ဖို့ ကျွန်တော်ကြိုးစားခဲ့သည်။ အိပ်မက်အကြီးကြီး မက်ခဲ့ဖူးသည်။ အိပ်မက်မက်ပြီဆိုမှတော့ မျှော်လင့်ချက်ကပါလာလေသည်။ အိပ်မက်ကြီးကြီး၊ မျှော်လင့်ချက်ကြီးကြီးနဲ့ပေါ့။

သို့သော် အိပ်မက်ဆိုတာက ကိုယ်မျှော်လင့်သည့်ပန်းတိုင်မရောက်လေလေ အိပ်မက်မက်ရတာပင်ပန်းခက်ခဲလေလေဖြစ်ရသည်။ အိပ်မက်မက်နေရင်း အိပ်မက်ထဲမှာလူးလိမ့်ကာ အိပ်မက်ကိုခါးသီးရသောနေ့တွေလည်း ကြုံခဲ့ဖူးသည်။

လူဆိုသည်မှာ မျှော်လင့်ချက်ဖြင့် အသက်ရှင်ရမှ လူပီသသည်ဟုဆိုကြသည်။ သို့သော်လည်း ဘယ်အချိန်ဘယ်ကာလရောက်မှ ပြည့်ဝမည်မှန်း မသေချာသည့်မျှော်လင့်ချက်တစ်ခုအတွက် ပင်ပန်းဆင်းရဲခဲ့ကြဖူးလေသည်။ ထိုသို့ကြုံရတိုင်း ဟဲမင်းဝေး၏ 'တံငါအိုနှင့်ပင်လယ်ပြာ' ဝတ္ထုထဲက အဘိုးအိုစန်တီယာဂို၏ စိတ်မျိုးထားနိုင်အောင် ကြိုးစားခဲ့သည်။ အဘိုးအိုစန်တီယာဂိုသည် သူ့ပိုက်ကွန်တွင် ငါးကြီးကိုမိအောင်သူ့ခွန်အားနဲ့ အစွမ်းကုန်ကြိုးစားအားထုတ်ခဲ့သည်။ သို့သော် ငါးပါလာတာ၊ မပါလာတာကတော့ ကံတရားဟုပင်မှတ်ယူလိုက်တော့သည်။

အရေးကြီးသည်မှာ မိမိအသက်ရှင်နေသရွေ့ မိမိ၏ခွန်အား၊ ဉာဏ်အားတွေကို အစွမ်းကုန်အားထုတ်သုံးကာ ပန်းတိုင်မရောက်မချင်း တရွေ့ရွေ့သွားရမည်သာ ဖြစ်သည်။ အမြင့်မားဆုံးဆိုသော နေရာထိတိုင်မရောက်ခဲ့တောင် ကိုယ်မျှော်မှန်းထားသည့် ခရီးတစ်ဝက်တော့ ရောက်မည်မှာသေချာလေသည်။ ဒီ့အတွက် မိမိခွန်အား၊ ဉာဏ်အားတွေလည်း အချည်းနှီးဖြစ်မည်မဟုတ်ပါ။ အဓိကအရေးကြီးသည်မှာ မည်သည့်နေရာကိုရောက်နေနေ မိမိစိတ်ကို မိမိကောင်းစွာ ဆောက်တည်နိုင်ဖို့သာ လိုရင်းဖြစ်လေသည်။

အခုတစ်လော ကျွန်တော်သည် မိုးကောင်းကင်ထိရောက်အောင် တရွေ့ရွေ့တက်ကာ ကြိုးစားနေကြသော မိုးပျံပူဖောင်းလေးတွေကို ကြည့်ကာ မိုးပျံပူဖောင်းဖြစ်ချင်နေမိသည်။ တဆက်တည်းမှာပင် Facebook ကသူငယ်ချင်းဖြစ်သည့် ကဗျာဆရာမျိုးနိုင်၏ 'မိုးပျံပူဖောင်း' ဆိုသောကဗျာလေးကိုလည်း သတိရနေမိသည်။ ထိုကဗျာသည် ကျွန်တော့်စိတ်ကို ကောင်းစွာဆောက်တည်တတ်အောင် ခွန်အားတွေပေးခဲ့သော ကဗျာတစ်ပုဒ်ဖြစ်သည်။

**'မိုးပျံပူဖောင်း'**

**ဝမ်းထဲကခွန်အားနဲ့**
**လေနှင်ရာ ယိမ်း**
**ကောင်းကင်ဆီတော့**
**ဦးတည်ပြေးနေတယ်**
**ပန်းတိုင်မရှိဘူး**
**အမြင့်သတ်မှတ်မထားဘူး။**
**မြေပြင်ကတာထွက်ခဲ့ခြင်းအတွက်**
**အနိမ့်မကြောက်သလို**
**အမြင့်ကိုလည်း ရင်မခုန်ဘူး။**
**မျှော်လင့်ချက်ကင်းကင်း**
**ပျံတက်မှုအတွက်**
**အပြန်လမ်း**
**အကျမနာဘူး**
**ဒဏ်ရာမကျန်ဘူး။**

လောကမှာ အမြင့်ကိုတက်ဖို့ မလွယ်သလို အဆင်းမှာလည်း ချောချောချူချူဆင်းဖို့ မလွယ်ကူပေ။ ထို့အတွက်ကြောင့် ဒဏ်ရာအနာတရဘာမှမကျန်ခဲ့သည့် မိုးပျံပူဖောင်းလေးသာ ဖြစ်လိုက်ချင်ပါတော့သည်။ ❑

# ပြည်တွင်းမော်တော်ယာဉ်အချို့ တိုက်ကြေယာဉ်အဖြစ် ပြုလုပ်အပ်နှံပြီး စလစ်ထုတ်ယူသူများပြား

ယခုနှစ်အတွက်ထုတ်ပြန်ထားသည့် မူဝါဒနှင့်အညီ ပြည်တွင်းသို့ မော်တော်ယာဉ်များ တင်သွင်းမှုပြုလုပ်လျက်ရှိရာ ယာဉ်အိုနှင့်ယာဉ်သစ်လဲလှယ်ခွင့်စာရွက် (စလစ်) များလိုအပ်နေသဖြင့် မော်တော်ယာဉ်ပိုင်ရှင်တချို့သည် မိမိတို့ယာဉ်များကို တိုက်ကြေအဖြစ်ပြုလုပ်အပ်နှံလျက် စလစ်ထုတ်ယူမှုများ ပိုမိုများပြားလာကြောင်း သိရသည်။

ကြေကားအပ်နှံမှုနှုန်းအစီးရေ ၁၄၀ ကျော်ရှိနေပြီဖြစ်သည်။

စလစ်ဈေးမှာလည်း ယခင်ငွေကျပ် သိန်း ၁၀၀ သာရှိခဲ့သော်လည်း ယခုအောက်တိုဘာလအတွင်း စလစ်တစ်စောင်ပေါက်ဈေး ငွေကျပ် ၁၂၈ သိန်းမြင့်တက်လာသည်။ ယခုနှစ်တိုက်ကြေစလစ်ထုတ်ပေးရာ၌ ဇန်နဝါရီလတွင် ၄၇ စီး၊ ဖေဖော်ဝါရီလတွင် ၅၄ စီး၊ မတ်လတွင် ၈၉ စီး၊



ဧပြီလတွင် ၂၇ စီး၊ မေလတွင် အစီး ၆၀၊ ဇွန်လတွင် ၅၁ စီး၊ ဇူလိုင်လတွင် ၁၀၄ စီး၊ ဩဂုတ်လတွင် ၁၂၅ စီး၊ စက်တင်ဘာလတွင် ၁၄၁ စီးနှင့် အောက်တိုဘာလ တတိယပတ်အထိ ၁၄၉ စီး အပ်နှံကြကြောင်း သိရသည်။

မော်တော်ယာဉ်တင်သွင်းသူတချို့သည် စလစ်များရသလောက်ဝယ်ယူ၍ ယာဉ်တင်သွင်းမှုများပြုလုပ်လာသဖြင့် စလစ်ဈေးများမြင့်လာရာ တိုက်ကြေကားအပ်နှုန်းတစ်လလျှင် ပျမ်းမျှအစီးရေ ၁၀၀ ရှိခဲ့သော်လည်း အောက်တိုဘာလသုံးပတ်တာကာလအတွင်း တိုက်

**မြို့သားလေး**

# ဂျပန်ညာမောင်းကားများ လေလံဈေး ယခုနှစ်အတွင်း မြင့်တက်နိုင်

၂၀၁၈ ခုနှစ်တွင် ကားမူဝါဒသတ်မှတ်ရာ၌ မူဝါဒအပြောင်းအလဲအဖြစ် ဘယ်မောင်းကားများသာတင်သွင်းရမည်ဟု ကြေညာပြီးနောက်ပိုင်းတွင် ညာမောင်းကားဝယ်ယူရသည့် ဂျပန်လေလံဈေးမှာ ယခုနှစ်မကုန်မီမြင့်တက်နိုင်ကြောင်းကို ဂျပန်ညာမောင်းကားများ လေလံဆွဲဝယ်ယူနေကြသည့် ကားတင်သွင်းသူများထံမှ သတင်းရရှိသည်။

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များလေလံဆွဲယူရာတွင် မြန်မာနိုင်ငံ၏ ကားတင်သွင်းမှုမူဝါဒအပြောင်းအလဲအပေါ် ဈေးကစားမှုများရှိနေသဖြင့် လာမည့်နှစ်တွင် ဘယ်မောင်းကားများတင်သွင်းခွင့်ပြုမည်ဖြစ်၍ ယခုနှစ်အကုန်တွင် ဂျပန်နိုင်ငံထုတ်ညာမောင်းကားများ တင်သွင်းမှုများပြားမည်ဟု သုံးသပ်ကြသည်။

ဂျပန်နိုင်ငံထုတ်ကားများတွင် လူကြိုက်များပြီး လေလံဆွဲယူမှုအများဆုံးကားများမှာ Axio, Honda Insight ကားများ၊ Fit Shuttle ကားများနှင့်လုပ်ငန်းသုံးကားများ အများဆုံးလေလံဆွဲဝယ်ယူရာတွင် ပါဝင်နေသည့်အတွက် ယခုနှစ်မကုန်မီအတွင်း လေလံဈေးမြင့်တက်လာနိုင်ပြီး ပြည်တွင်းတွင်အဆိုပါကားများ၏ဈေးနှုန်းမှာလည်း ၁၅ သိန်းဝန်းကျင်မြင့်တက်လာနေသည်ကို ကားအရောင်းအဝယ်ဈေးကွက်အတွင်းမှ သိရသည်။

**ဆွေဝင်းမောင်**

# တရားမဝင် ငွေကြေးဝန်ဆောင်မှုကုမ္ပဏီများနှင့်မဆက်သွယ်ရန် သတိပေး

တရားမဝင် ငွေကြေးဝန်ဆောင်မှုကုမ္ပဏီများနှင့် အစုရှယ်ယာရောင်းချခွင့်မရှိသော ကုမ္ပဏီများကို ဆက်သွယ်ဆောင်ရွက်ခြင်း မပြုလုပ်ကြဖို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်ဗဟိုဘဏ်တို့က ပြည်သူလူထုအား ပန်ကြားနိုးဆော်လိုက်ကြောင်းသိရသည်။

ထို့အပြင် အတိုးနှုန်းမြင့်မားစွာပေးနေမှုများ၊ အစုရှယ်ယာအပေါ် အမြတ်ဝေစုများစွာ ခွဲဝေပေးမှုများ၊ (Multi-level Marketing) ဆင့်ပွားဈေးကွက်ပုံစံ မက်လုံးပေးနေမှုများကိုလည်း အထူးသတိပြုရှောင်ရှားကြရန် ထုတ်ပြန်ထားခြင်းဖြစ်ကြောင်းသိရသည်။

ယခုအခါ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ငန်းလုပ်ကိုင်ခွင့်မရှိဘဲ လုပ်ကိုင်နေသူများကြောင့် တချို့သော နေရာဒေသများတွင် မသိနားမလည်သော ပြည်သူများများယွင်းရင်းနှီးမြှုပ်နှံမိရာက ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာပြည်တွင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေရာတွင် တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြဖို့လည်း တိုက်တွန်းထားကြောင်းသိရသည်။

**မြင့်မြတ်အောင်မြင်**

# တရားဝင်လိုင်စင်မရှိသော Online Shopping များကို ထောင်ဒဏ် (၃) နှစ်အထိ အရေးယူနိုင်

**မြင့်မြတ်အောင်မြင်**

တရားဝင် လိုင်စင်မရှိသော Online Shopping များတွင် တရားမဝင်သောအလှကုန်၊ အစားအသောက်၊ ဆေးဝါးနှင့်ကုန်ပစ္စည်းများရောင်းချနေခြင်းကို ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်နိုင်သည့်ဥပဒေဖြင့် အရေးယူမည်ဖြစ်ကြောင်း သိရသည်။

Online ပေါ်က ရောင်းချနေခြင်းကြောင့် အခွန်ကောက်ခံရာတွင် အခက်အခဲများ ဖြစ်ပေါ်နေသလို ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ/မရှိ စစ်ဆေးရာတွင်လည်း အခက်အခဲများ ဖြစ်ပေါ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းကပြောသည်။

ပန်းဘဲတန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦး၏ Online ပေါ်မှတရားမဝင်ရောင်းချနေသည့် အလှကုန်၊ အစားအသောက်နှင့် ဆေးဝါးအမျိုးမျိုးကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံသားများ တရားဝင်ဆောင်ရွက်နေသော အခြေအနေဖန်တီးပေးဖို့ အစီအစဉ် ရှိ/မရှိမေးခွန်းအပေါ် ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက 'တရားဝင်လိုင်စင်မရှိတဲ့ Online Shopping များကို ထောင်ဒဏ် ၃ နှစ်အထိချမှတ်နိုင်တဲ့ ဥပဒေများနဲ့အညီ အရေးယူဆောင်ရွက်ဖို့ လုပ်ဆောင်နေပါတယ်' ဟု ပြောကြားခဲ့သည်။ ❑

# OFF ROAD ရွှံ့နွံနှင့် တောင်ကုန်းတက်ခရီးကြမ်း ကားမောင်းပြိုင်ပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ်ပုတ်တောရွာကြီးကွင်း၌ OFF ROAD ရွှံ့နွံနှင့် တောင်ကုန်းတက်ခရီးကြမ်းကားမောင်းပြိုင်ပွဲကို အောက်တိုဘာလ ၂၉ ရက်နေ့၊ နံနက်တွင် အဆိုပါကွင်းဧရိယာ၌ ကျင်းပခဲ့သည်။

ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် OFF ROAD ကားများအနေဖြင့် အောက်ပိုင်းတောင့်တင်းမှု၊ အင်ဂျင်ပါဝါရှန်းအားနှင့် ဘီးလေးဘီးစလုံးကောင်းပြီး ပြိုင်ပွဲအတွေ့အကြုံရှိကြရမည့်အပြင် တောင်ကုန်းတက်ရာ၌ ကား၏တိမ်းစောင်းမှု အမှတ်ဒီဂရီကို 45º၊ 50º ထားရှိထားပြီး ယှဉ်ပြိုင်မောင်းကြရာတွင်လည်း မတ်စောက်သည့်တောင်ကုန်းများ၊ ရွှံ့နွံအိုင်ကြီးများကို အရှိန်နှင့်ပြေးဆင်းမောင်းနှင်ကြရကြောင်း သိရသည်။

ပြိုင်ပွဲကို ကားအမှတ်ဒီဂရီအလိုက် တိမ်းစောင်းမောင်းနှင်ရသည့် တောင်ကုန်းတောင်တက်ပြိုင်ပွဲနှင့် ရွှံ့နွံခရီးကြမ်းဖြတ်ကျော်မောင်းပြိုင်ပွဲဟူ၍ နှစ်မျိုးယှဉ်ပြိုင်ကြရပြီး ပထမဆု ၁၀ သိန်းနှင့်အခြားဆုလက်ဆောင်များ၊ ဒုတိယဆု ၇ သိန်း၊ တတိယဆု ၅ သိန်းဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အင်ဂျင်ပါဝါ ၃ ပွိုင့်၊ ၄ ပွိုင့်နှင့်အထက်၊ 4Wheel (4x4) အဆင့်ရှိ တိုယိုတာ၊ နစ်ဆန်း၊ မစ်ဆူဘီရှီ၊ အီဆူဇူး၊ လင့်ရိုဘာ၊ ဗင်းကို၊ ဟိုင်းလက်စ် ဆပ်စ်၊ လန်ခရူဇာနှင့် နောက်ဆုံးပေါ်မော်ဒန်မြင့် OFF ROAD အစီးပေါင်း ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြို့သားလေး**



စက်မှုအလင်းဂျာနယ် Beacon of Industry Journal

# အသိဉာဏ်ဆိုင်ရာမူပိုင်ခွင့် (Intellectual Property Right -IPR) နှင့် ၂၁ ရာစု စီးပွားရေး

စိုးဇော်လတ်

လွန်ခဲ့သောနှစ်ပေါင်း ၃၀ က တည်းက ဖွံ့ဖြိုးဆဲနိုင်ငံများသည် စီးပွားရေးအရဖွံ့ဖြိုးပြီး ရှေ့တန်းရောက်နှင့်နေသော ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ တစ်ဖက်သတ်ဆန်တဲ့ဉာဏပစ္စည်းဆိုင်ရာမူဝါဒနှင့် အကောင်အထည်ဖော်မှုများအပေါ် ဆန့်ကျင်မှုများ တစ်နေ့တခြား တိုးပွားလာနေပါတယ်။ အသိဉာဏ်အခြေခံပြီး တီထွင်ဆန်းသစ်ထုတ်လုပ်ထားတဲ့ ကုန်ပစ္စည်းများကို ဖွံ့ဖြိုးပြီးနိုင်ငံများကသာ စိုက်ထုတ်ကြိုးပမ်းခဲ့ကြပြီး တီထွင်ထုတ်လုပ်မှုများကို အသုံးချရာတွင်လည်း ၎င်းတို့၏အကျိုးစီးပွားကို ရှေ့တန်းမတင်ဘဲ လူသားတို့၏ကျန်းမာရေးနှင့် ဘဝကုံလုံပြည့်ဝရေးကို ဦးစားပေးဆောင်ကြဉ်းသည့်အတွက် အသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့်များကို ၎င်းတို့စိတ်ကြိုက်ပြဋ္ဌာန်းခွင့်၊ စည်းကြပ်ခွင့်ရှိတယ်လို့ အယူအစွဲရှိနေကြပါတယ်။

၁၉၉၇ ခုနှစ်မှာ တောင်အာဖရိကအစိုးရဟာ HIV/AIDS ရောဂါကုသဆေးများကို အများပြည်သူလက်လှမ်းမီစေရန်အတွက် ၎င်းရဲ့ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒေကိုပြင်ဆင်ရန် ကြိုးစားခဲ့စဉ်က ကမ္ဘာ့ဆေးဝါးလုပ်ငန်းစုက တောင်အာဖရိကနိုင်ငံရဲ့ အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များ နှေးကွေးစေရန်အလို့ငှာ ဥပဒေအရအားသာချက်များကိုအသုံးချပြီး အမျိုးမျိုးတားဆီးပိတ်ပင်ခဲ့ကြပါတယ်။ နောက်ဆုံးမှာ တောင်အာဖရိကအစိုးရဟာ တရားတဘောင်ရင်ဆိုင်ရာမှာ အနိုင်ရခဲ့သော်လည်း ဆေးဝါးကုမ္ပဏီများရဲ့ သင်ခန်းစာပေးတာကို ကောင်းကောင်းခံခဲ့ရပါတယ်။

တောင်အာဖရိကနိုင်ငံအနေဖြင့် နိုင်ငံသားများအား သက်ရှည်ကျန်းမာပြည့်စုံစွာ နေနိုင်ရေးအတွက် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရဖို့ အစဉ်အလာရှိရင်းစွဲ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာစနစ်ကို ထိပ်တိုက်မတွေ့ခဲ့ဘူးဆိုရင် အနောက်တိုင်းဆေးကုမ္ပဏီတွေရဲ့ လက်ဝါးအုပ်မှုကို ခံနေရဦးမှာအသေအချာပါပဲ။

ယခုအချိန်အထိ တောင်အာဖရိကအစိုးရအဖွဲ့ဟာ ပြည်သူလူထု ဆေးဝါးရရှိနိုင်မှုကို တိုးချဲ့မြှင့်တင်ပေးနိုင်ဖို့ ၎င်းတို့ရဲ့အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ ကြိုးစားနေရဆဲဖြစ်ပါတယ်။ တောင်အာဖရိကအနေဖြင့် ချမ်းသာသောနိုင်ငံများ၏ ဖိအားပေးမှုများကို မလွဲမသွေရင်ဆိုင်ရဦးမည်ဖြစ်ပါတယ်။ အခြားသော ထွန်းသစ်စစီးပွားရေးရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်း တောင်အာဖရိကအစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုကို အတုယူသင့်ပါတယ်။

ကမ္ဘာ့အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာအဖွဲ့ရဲ့ တစ်ဖက်သတ်ဆန်တဲ့ ဆောင်ရွက်ချက်များအပေါ် တန်ပြန်ဆန့်ကျင်မှုများ ပြင်းပြင်းထန်ထန်ရှိခဲ့သော ဆယ်စုနှစ်နှစ်ခုတောင် ကျော်နေပါပြီ။ ချမ်းသာတဲ့နိုင်ငံတွေက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ ဥပဒေနှင့်စည်းမျဉ်းပြဋ္ဌာန်းခွင့် လုပ်ငန်းစဉ်တွေအပေါ် လွှမ်းမိုးချုပ်ကိုင်ခြင်းနှင့်ကုန်သွယ်ရေး သဘောတူညီချက်များမှတစ်ဆင့် ၎င်းတို့အလိုကျ တစ်ဖက်သတ်အကျိုးရှိစေမည့် စည်းမျဉ်းဥပဒေသများကို ချမှတ်ပြဋ္ဌာန်းနေတာ အဓိကအဆိုးဆုံးပါပဲ။

ခေတ်မီဖွံ့ဖြိုးပြီး ရှေ့တန်းရောက်နေတဲ့ နိုင်ငံများအလိုကျ ဖြစ်နေတဲ့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ စံနှုန်းတွေဟာ ဆန်းသစ်တီထွင်မှုကို အားပေးမြှင့်တင်ဖို့နဲ့ သိပ္ပံပညာဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ပေးဖို့ရည်ရွယ်ချက်တွေနဲ့ ချမှတ်ထားခြင်းမျိုးမဟုတ်တော့ဘဲ ဆေးဝါးကုမ္ပဏီကြီးများရဲ့အမြတ်စွန်းကို အစွမ်းကုန် တိုးတက်စေရန်နှင့် ကုန်သွယ်ရေးညှိနှိုင်းရာမှာ လွှမ်းမိုးချယ်လှယ်နိုင်ဖို့ ချမှတ်ထားခြင်းသာဖြစ်နေပါတယ်။ ဒ့ါကြောင့် စက်မှုလုပ်ငန်းအများစုအခြေစိုက်ရာ ဖွံ့ဖြိုးဆဲနိုင်ငံကြီးများဖြစ်တဲ့ တောင်အာဖရိက၊ အိန္ဒိယ၊ ဘရာဇီးတို့ဟာ မျှတမှုမရှိတဲ့စည်းမျဉ်းတွေကို ပြန်လည်တုန့်ပြန်ဖို့ ဦးဆောင်နေကြတာ အံ့ဩစရာတော့မရှိပါဘူး။

ယင်းဖွံ့ဖြိုးဆဲနိုင်ငံကြီးများဟာ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ တရားစီရင်ရေးစနစ်ရဲ့ မြင်သာထင်သာရှိလှတဲ့ ချို့ယွင်းအားနည်းချက်နဲ့အလွဲလွဲအမှားမှား ဆုံးဖြတ်ချက်ကို အဓိကဦးတည်ထောက်ပြထားပါတယ်။ ဥပမာ-မရှိမဖြစ်ဆေးဝါးများကို အများပြည်သူရရှိအသုံးပြုနိုင်ရေးအတွက် အတားအဆီးဖြစ်နေတဲ့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကန့်သတ်ချက်များကို ဖယ်ရှားပေးရန် တောင်းဆိုနေကြပါတယ်။ ၂၀၀၅ ခုနှစ်တုန်းက အိန္ဒိယနိုင်ငံဟာ မူပိုင်ခွင့်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ တစ်ဖက်စောင်းနင်းဖြစ်နေမှုကို မျှမျှတတဖြစ်စေရန်အတွက် တစ်မူထူးခြားသော ယန္တရားတစ်ရပ်ကို တည်ထောင်ရန် မူပိုင်ခွင့်ဆိုင်ရာဥပဒေများကို ပြင်ဆင်မှုပြုခဲ့ပြီးနောက် လူအများစုကို အကာအကွယ်ပေးနိုင်ခဲ့ပါတယ်။ ပြည်တွင်း/ပြည်ပမှ ဥပဒေရေးရာစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားခဲ့ပြီးနောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) စံနှုန်းများနှင့်အညီ ၎င်းတို့ရဲ့အသိဉာဏ်ဆိုင်ရာမူပိုင်ခွင့်ဥပဒေကို အတည်ပြုနိုင်ခဲ့ပါတယ်။




ဘရာဇီးနိုင်ငံမှာတော့ HIV/AIDS ရောဂါဝေဒနာရှင်များကို ကုသစောင့်ရှောက်ရန် လှုပ်ရှားမှုရဲ့ အစပိုင်းမှာ အခြေတင်ညှိနှိုင်းမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရပြီးနောက် ဆေးဝါးဈေးနှုန်းများ အတော်အတန်ကျဆင်းခဲ့ပါတယ်။ အိန္ဒိယနိုင်ငံနဲ့ဘရာဇီးနိုင်ငံတို့ဟာ မျှတမှုမရှိသော လက်တွေ့အလုပ်မဖြစ်တဲ့ အသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့်စည်းမျဉ်းတွေကိုဖီဆန်ပြီး ၎င်းတို့ရဲ့အကျိုးစီးပွားအတွက် အပြည့်အဝဆောင်ကျဉ်းပေးနိုင်ခဲ့ကြပါတယ်။

ကျွန်ုပ်တို့သည် ယနေ့ခေတ်စီးပွားရေးတွင် အသိဉာဏ်ဆိုင်ရာပိုင်ဆိုင်မှုများကို အကာအကွယ်ပေးနေတဲ့ စီးပွားရေးဆိုင်ရာ အင်စတီကျူးရှင်းများနှင့်ဥပဒေတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ ထွန်းသစ်စစီးပွားရေးဈေးကွက်တို့ရဲ့ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ခြင်းမရှိတဲ့အတွက် ကမ္ဘာ့စီးပွားရေးရာကိစ္စရပ်များကို ကြိုးကိုင်စီမံရန် မထိုက်တန်တော့ကြောင်း အထင်အရှားသက်သေပြခဲ့ကြပြီးဖြစ်ပါတယ်။ လက်တွေ့မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တွေဟာ လူသားတို့ရဲ့ အခြေခံလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရာမှာ အနှောက်အယှက် အတားအဆီးတွေဖြစ်နေတော့တယ်။

ဘုံပြဿနာတစ်ရပ်မှာ ယေဘုယျအားဖြင့် အသိဉာဏ်ပညာတိုးတက်လာခြင်းဖြင့် လူသားထုတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်းကို မြင့်မားစေနိုင်ပြီး အသိဉာဏ်ပညာဟာ သုံးစွဲလို့မကုန်နိုင်တဲ့ရင်းမြစ်ဖြစ်လို့ အဖိုးအခပေးရန် မလိုတဲ့ပစ္စည်းတစ်ခုအဖြစ် ရှုမြင်လက်ခံမှုပင်ဖြစ်ပါတယ်။ ထိုသို့အသိရောက်ခြင်းက အသိဉာဏ်ဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် သုတေသနနှင့်တီထွင်မှုများအတွက် စွဲဆောင်မှုများကင်းမဲ့လာစေနိုင်ပါတယ်။ နှစ်ဆယ်ရာစုနောက်ပိုင်း တစ်လျှောက်လုံးအစဉ်အလာအရ လက်ခံလာခဲ့တဲ့ဈေးကွက်ဆိုင်ရာ အယူအဆတစ်ခုမှာ ဈေးကွက်ပျက်ယွင်းမှု ကြုံတွေ့လာလျှင် အခြားတစ်ခုဖြင့် အစားထိုးမိတ်ဆက်ပေးဖို့ဖြစ်ပါတယ်။ ဥပမာ-တင်းကြပ်တိကျသော စည်းမျဉ်းဥပဒေများချမှတ်စည်းကြပ်ခြင်း၊ ပုဂ္ဂလိကအား လက်ဝါးကြီးအုပ်ခွင့်ပြုခြင်းပဲဖြစ်ပါတယ်။ သို့သော် ပုဂ္ဂလိကရဲ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အား ကာကွယ်ပေးခြင်းဟာ သုတေသနလုပ်ငန်းများအား ငွေကြေးထောက်ပံ့ခြင်းဖြင့် အားပေးမြှင့်တင်ရန် နည်းလမ်းတစ်ရပ်မျှသာဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများမှာပင်လျှင် ထင်တာထက်ပြဿနာများ ကြုံတွေ့ရလေ့ရှိပါတယ်။

မူပိုင်ခွင့်မှတ်ပုံတင်မှုများ တဖြည်းဖြည်းတိုးတက်များပြားလာသော ကမ္ဘာကြီးဝယ် ကုန်ပစ္စည်းများထုတ်လုပ်ရာမှာ မူပိုင်ခွင့်များ (အသုံးပြုခွင့်များ) လိုအပ်နေခြင်းကပင် ဆန်းသစ်တီထွင်မှုကို တစ်ခါတစ်ရံပိတ်ပင်တားဆီးသကဲ့သို့ဖြစ်နေပြီး အချို့သောကိစ္စတွေမှာ မူပိုင်ခွင့်ရရှိရေးနှင့် အသုံးချခွင့်ရရှိရေးအတွက် ရှေ့နေငှားရမ်းခတွေက သုတေသနနှင့်ဖွံ့ဖြိုးရေးစရိတ်များထက် ပိုများနေတတ်ပါတယ်။ အများအားဖြင့် သုတေသနဆောင်ရွက်ချက်များဟာ ကုန်ပစ္စည်းအသစ်ထုတ်လုပ်ရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းမျိုး မဟုတ်ဘဲ မူပိုင်ခွင့်ရရှိထားပြီးဖြစ်တဲ့ နည်းပညာနှင့်သုတေသနလုပ်ငန်းများကို ချဲ့ထွင်ရန်နဲ့ လက်ဝါးကြီးအုပ်နိုင်မှုအင်အားကိုမြှင့်တင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းများ မကြာခဏတွေ့ရပြန်ပါတယ်။

၂၀၁၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုဗဟိုတရားရုံးမှ သဘာဝအလျောက်ရှိနေသော မျိုးစိတ်များအား မူပိုင်ခွင့်အရမှတ်ပုံတင်ခြင်း မပြုနိုင်ကြောင်း ဆုံးဖြတ်ချက်သည် အသိပညာလေ့လာဆည်းပူးခွင့်အားကန့်သတ်ခြင်းဖြင့် မူပိုင်ခွင့်ပေးခြင်းသည် သုတေသနနှင့်တီထွင်ဆန်းသစ်မှုအား အားပေးရာရောက်သလား၊ တားဆီးပိတ်ပင်ရာကျမလားဆိုတဲ့ စမ်းသပ်ချက်တစ်ခုတော့ ဖြစ်စေခဲ့ပါတယ်။ အကျိုးရလဒ်ကတော့ အံ့ဩစရာကောင်းလောက်အောင် ဆန်းသစ်မှုများ အရှိန်ရလာပြီး ရင်သားကင်ဆာရောဂါကုထုံးနဲ့ ဆေးတွေကို ဈေးနှုန်းသက်သာစေခဲ့ပြီး ရောဂါရှာဖွေစမ်းသပ်ရေးကို တွင်တွင်ကျယ်ကျယ်လုပ်နိုင်ခဲ့ပါတယ်။

သုတေသနလုပ်ငန်းများကို ဘဏ္ဍာငွေကြေးထောက်ပံ့ရန်နှင့် မက်လုံးပေးစွဲဆောင်ရန်အတွက် နည်းလမ်းသုံးသွယ်တော့ရှိပါတယ်။ ပထမနည်းလမ်းကတော့ အမေရိကန်ပြည်ထောင်စုရဲ့ အမျိုးသားကျန်းမာရေးအဖွဲ့နှင့် အမျိုးသားသိပ္ပံအဖွဲ့တို့လို ဗဟိုမှဦးစီးတဲ့ ယန္တရားအပေါ်မှီခိုအားထားရန်ဖြစ်ပါတယ်။ အခြားတစ်ခုကတော့ အခွန်သက်သာခွင့်

စာမျက်နှာ ၁၃ သို့-

စာမျက်နှာ ၁၂ မှ-

ပေးခြင်းကဲ့သို့ တိုက်ရိုက်ထောက်ပံ့ခြင်းပြုနိုင်ရန် ဗဟိုချုပ်ကိုင်မှုကိုဖြေလျှော့ပေးဖို့ဖြစ်ပါတယ်။

နောက်ဆုံးနှင့် တတိယနည်းလမ်းကတော့ အစိုးရအဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂလိကဖောင်ဒေးရှင်းတစ်ခု (သို့) သုတေသနအဖွဲ့အစည်းတစ်ခုခုတို့အား အောင်မြင်မှု၊ ဖန်တီးမှု၊ ဆန်းသစ်တီထွင်မှုတို့အတွက် ဆုလာဘ်အဖြစ် ထောက်ပံ့ချီးမြှင့်ခြင်းပဲဖြစ်ပါတယ်။

တီထွင်သူအား မူပိုင်ခွင့်ပေးခြင်းကို ဆုလာဘ်ချီးမြှင့်ခြင်းအဖြစ် မှတ်ယူနိုင်သော်လည်း ရေရှည်တွင်အသိပညာစီးဆင်းမှုကို အတားအဆီးလည်းဖြစ်စေသည့်အပြင် တီထွင်မှုရဲ့အကျိုးရလဒ်ကို လျော့နည်းစေပြီး စီးပွားရေးကိုလည်း ထိခိုက်စေနိုင်ပါတယ်။ အချုပ်အားဖြင့် Open-Source Software များလို အများသူငါ အခမဲ့အသုံးပြုနိုင်တဲ့ဘုံလမ်းကြောင်းတစ်ခု ဖန်တီးပေးခြင်းဖြင့် အသိပညာစီးဆင်းမှုကို အစွမ်းကုန်မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲစီးပွားရေးနိုင်ငံများအနေဖြင့် လေ့လာမှုနှင့်တီထွင်ဆန်းသစ်မှုများကို မြှင့်တင်ပေးရန်အတွက် အထက်ဖော်ပြပါ နည်းလမ်းများအားလုံးကို သင့်သလိုအသုံးပြုတတ်ဖို့လိုပါမယ်။ နောက်ဆုံးမှာ စီးပွားရေးပညာရှင်တွေဟာ စီးပွားရေးတိုးတက်မှု၊ နည်းပညာပြောင်းလဲတိုးတက်မှုနှင့် နည်းပညာအသုံးပြုမှုတွေက စီးပွားရေးတိုးတက်မှုနှင့် လူမှုဘဝတိုးတက်ဖွံ့ဖြိုးဖို့အတွက် အဓိကအဆုံးအဖြစ်ပေးတယ်ဆိုတာကို ဆယ်စုနှစ်များစွာကတည်းက သိခဲ့ကြပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကြား စီးပွားရေးဖွံ့ဖြိုးမှုကွာဟစေတဲ့ အဓိကအချက်က သယံဇာတရှိခြင်း/မရှိခြင်းကြောင့်မဟုတ်ဘဲ အသိပညာကွာဟမှုကြောင့်ပဲဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးလူသားတို့ရဲ့ အခြေအနေအရပ်ရပ်ဖွံ့ဖြိုးတိုးတက်မှုကို အစွမ်းကုန်မြှင့်တင်ဖို့အတွက် မူဝါဒချမှတ်သူများအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ အသိပညာ၊ အတတ်ပညာများကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ မျှဝေပေးရန် အပြင်းအထန် တိုက်တွန်းသွားဖို့ပဲဖြစ်ပါတယ်။

သီအိုရီအရ ပိုမိုပွင့်လင်းတဲ့စနစ်က အလုပ်ဖြစ်တယ်လို့ သာဓကတွေ ထင်ရှားနေပေမယ့် လက်တွေ့မှာ ကမ္ဘာကြီးက ဆန့်ကျင်ဘက်ကိုဦးတည်နေပြန်ပါတယ်။ လွန်ခဲ့တဲ့ နှစ်သုံးဆယ်ကတည်းက အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာအဖွဲ့ဟာ အသိပညာ၊ အတတ်ပညာတွေ များများအသုံးချနိုင်ဖို့ဆောင်ရွက်ခြင်းထက် အတားအဆီးတွေကိုသာ ဖန်တီးတည်ဆောက်ထားခဲ့ပါတယ်။ အများအားဖြင့် အများအကျိုးထက် ပုဂ္ဂလိကအကျိုးကိုသာ ပိုမိုဖြစ်ထွန်းစေတာတွေ့ရပါတယ်။ ဖွံ့ဖြိုးပြီး စီးပွားရေးရှိတဲ့နိုင်ငံများမှ အားကောင်းမောင်းသန်ဝါဒဖြန့်သူတွေက အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာအဖွဲ့ကြီးအား ၎င်းတို့ရဲ့အကျိုးစီးပွားကို ပထမဦးစားပေးဖော်ဆောင်ရန် ပုံသွင်းခဲ့ကြပါတယ်။ အသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့်ဟာ သမားရိုးကျအသိပညာများနှင့် ဇီဝမျိုးစုံမျိုးကွဲကိစ္စရပ်များနှင့် ဆက်စပ်မှုရှိနေတယ်ဆိုတာကို အသိအမှတ်ပြုလက်ခံရန် ငြင်းဆန်နေကြပြန်ပါတယ်။

ယနေ့အချိန်မှာ အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်အတားအဆီးများကို အရင်ကနဲ့မတူ ထူးထူးခြားခြား တင်းတင်းကြပ်ကြပ်ချမှတ်ပြဋ္ဌာန်းခြင်းများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေပြန်တယ်။ စက်မှုခေတ်အစမှာ ပင်လျှင် အသိဉာဏ်ဆိုင်ရာမူပိုင်ခွင့်များ အကာအကွယ်ပေးမှုဟာ အတော်နောက်ကျမှ ပေါ်ပေါက်လာလို့သာ Industrilization ဟာ အလျင်အမြန်ဖြစ်လာတာ တွေ့ရပါတယ်။

လက်ရှိ အသိဉာဏ်မူပိုင်ခွင့်အဖွဲ့အစည်းရဲ့ လုပ်ထုံးနဲ့စည်းမျဉ်းတွေဟာ ရေရှည်တည်တံ့ဖို့ မဖြစ်နိုင်တော့ပါဘူး။ ၂၁ ရာစု စီးပွားရေးပုံစံဟာ ၂၀ ရာစု စီးပွားရေးပုံစံနဲ့မတူတော့ဘဲ အဓိကကွဲလွဲမှုနှစ်ခုကို သတိချပ်သင့်ပါတယ်။ ပထမအချက်အနေဖြင့် တောင်အာဖရိက၊ အိန္ဒိယနှင့် ဘရာဇီးရဲ့ စီးပွားရေးအင်အားဟာ အသေအချာကို မြင့်တက်လာမှာဖြစ်ပြီး ဒုတိယအချက်အနေဖြင့် ဒြပ်မဲ့စီးပွားရေး (Weightless Economy) များဖြစ်တဲ့ သတင်းနည်းပညာနှင့် အကြံဉာဏ်အသိပညာ အခြေခံစီးပွားရေးရဲ့ပါဝင်မှု အချိုးအစားဟာလည်း ဖွံ့ဖြိုးဆဲနိုင်ငံနှင့်ဖွံ့ဖြိုးပြီးနိုင်ငံများမှာလည်း တိုးတက်လာမှာဖြစ်ပါတယ်။

ပစက္ခပကတိအရှိတရားများကိုထင်ဟပ်စေဖို့ ကမ္ဘာလုံးဆိုင်ရာ အသိဉာဏ်ဆိုင်ရာ စီမံခန့်ခွဲမှု စည်းမျဉ်းများကို အသေအချာပြောင်းလဲရမှာဖြစ်ပါတယ်။ ရာစုနှစ်ရဲ့ လေးပုံတစ်ပုံကျော်လောက် ဖွံ့ဖြိုးပြီးရှေ့ရောက်နှင့်သောနိုင်ငံများမှ ဩဇာပေးလမ်းညွှန်စေစားခဲ့ကြတဲ့ အသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့်စီမံခန့်ခွဲမှုစနစ်ဟာ နိုင်ငံရေးဖိအားများ ကိုလျော့ပါးစေရန် မည်ကာမတ္တ ဖြေလျှော့ပြောင်းလဲပေးရုံနဲ့ မလုံလောက်တော့ပါဘူး။ လူအများအတွက်ဖွံ့ဖြိုးရေးနဲ့ ကြွယ်ဝကုံလုံရေးထက် လူနည်းစုအကျိုးကိုသာဦးတည်နေခြင်းဟာ ယုတ္တိသိပ်မတန်သလိုဖြစ်နေပါတယ်။

လူသားတို့ဘဝ ဖူလုံပြည့်စုံစေဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသိပညာ၊ အတတ်ပညာတွေရဲ့ အရေးပါမှုကို အသိအမှတ်ပြုလက်ခံပြီး မျှမျှတတရှိတဲ့ အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာ ယန္တရားတစ်ရပ်ဖြစ်စေရေးကြိုးပမ်းဆောင်ရွက်ရာမှာ ထွန်းသစ်စစီးပွားရေးရှိနိုင်ငံများက ဦးဆောင်ဦးရွက်ပြုသင့်ပါတယ်။ အတတ်ပညာများကို ရှာဖွေဖော်ထုတ်နေရုံသာမက ရှာဖွေတွေ့ရှိထားသောပညာရပ်များကို အသုံးပြုရာမှာလည်း တစ်သီးပုဂ္ဂလအကျိုးထက် အများအကျိုးကို ဦးစားပေးရှေ့တန်းတင်ဖို့ အရေးကြီးပါတယ်။ ပြည်သူလူထုမှဆေးဝါးများကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခွင့်ရရေး တောင်အာဖရိကနိုင်ငံရဲ့ကြိုးပမ်းမှုဟာ အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာ မျှော်မှန်းချက်များပြည့်ဝရေး ချီတက်ရာလမ်းတစ်လျှောက်မှာ အထင်ကရမှတ်တိုင်တစ်ခုတော့ ဖြစ်နိုင်ပါလိမ့်မယ်။

Source : https://www.project-syndicate.org/commentary/intellectual-property-21st-century-economy-by-joseph-e-stiglitz-et-al-2017-10

## ရန်ကုန်မြို့၌ Wifi စက်များတပ်ဆင်ငှားရမ်းခ တစ်လကျပ်သိန်း ၇၀၀ ရရှိဟုဆို

ရန်ကုန်မြို့မှ ဓာတ်တိုင်များတွင် Wifi စက်များတပ်ဆင်ခြင်းမှ ငှားရမ်းခ တစ်လကို ကျပ်သိန်း ၇၀၀ ရရှိကြောင်း လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်ကဆိုသည်။

လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က 'ဒီလုပ်ငန်းတွေလုပ်ကိုင်ဖို့ ပို့ဆောင်ရေးနဲ့ဆက်သွယ်ရေးဝန်ကြီးဌာနက လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားတဲ့ ကုမ္ပဏီတွေထဲက ၅ ခုနဲ့ အရင်အစိုးရလက်ထက်မှာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ဒီစာချုပ်အရ ဓာတ်တိုင်တစ်တိုင်မှာ အချင်းအရွယ်အစား ၂၅ မီလီမီတာထက်မကြီးတဲ့ ဖိုင်ဘာကြိုး ၃ ချောင်းအထိ သွယ်တန်းခွင့်ပြုထားပြီး ၁ ကီလိုမီတာအတွက် တစ်လကို ကျပ် ၃၀,၀၀၀ နှုန်းနဲ့ ဓာတ်တိုင်တွေမှာ Wifi လွှင့်တဲ့စက်တွေ တပ်ဆင်ခအတွက် တစ်တိုင်ကို ကျပ် ၁၅,၀၀၀ နှုန်းရပါတယ်' ဟု ပြောကြားခဲ့သည်။

ထိုသို့ ငှားရမ်းခများကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကရရှိပြီး စုစုပေါင်းတစ်လကို ကျပ်သိန်း ၇၀၀ ကျော်ရရှိကြောင်းသိရသည်။

**ဖူးပွင့်ခက်ဝေ**



## ၂၀၁၇ ခုနှစ်သည် အိမ်ခြံမြေအရောင်းအဝယ်မကောင်းမွန်ကြောင်း သိရှိရ

၂၀၁၇ ခုနှစ်သည် နှစ်ပေါင်း ၂၀ ကျော်အချိန်ကာလအတွင်း အိမ်ခြံမြေအရောင်းအဝယ်ဈေးကွက် မကောင်းမွန်ဆုံးဖြစ်နေပြီး အိမ်ခြံမြေအရောင်းအဝယ်၊ အငှား အနည်းငယ်သာရှိနေကြောင်းသိရှိရသည်။

လွန်ခဲ့သော ၂၀၁၄ ခုနှစ်က အိမ်ခြံမြေအရောင်းအဝယ်မှာ အကောင်းဆုံးကာလဖြစ်ခဲ့ပြီး နောက်တစ်နှစ်ထက်တစ်နှစ် အရောင်းအဝယ်လျော့ကျလာရင်း ၂၀၁၇ ခုနှစ်တွင်မူ အိမ်ခြံမြေအရောင်းအဝယ်ဖြစ်မှု အလျှော့နည်းဆုံးဖြစ်လာသလို နောင်လာမည့်နှစ်၌လည်း အိမ်ခြံမြေဈေးကွက်ဦးမော့လာမည့်အနေအထားမရှိနိုင်သေးကြောင်း၊ ထို့ကြောင့်လည်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းတချို့ ပိတ်သိမ်းသွားကြကာ လုပ်ငန်းပြောင်းလဲလုပ်ကိုင်သူတွေလည်းရှိနေကြောင်း သိရှိရသည်။


ပြည်တွင်းမှာ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ စနစ်တကျလုပ်ကိုင်နိုင်စေရန်၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာများတိုးတက်ရရှိလာစေရန်၊ အိမ်ခြံမြေဥပဒေ အမြန်ဆုံးပေါ်ပေါက်လာရန်လိုအပ်ကြောင်း၊ အိမ်ခြံမြေဥပဒေအမြန်ဆုံးပေါ်ပေါက်လာစေရန် နိုင်ငံတော်နှင့်အတူ သက်ဆိုင်ရာပုဂ္ဂလိကအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်ကြီးများပါပူးပေါင်းကာ ဆောင်ရွက်သင့်ကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေအကျိုးဆောင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**လွင်ဟိန်းထက်**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# တော်တော် တော်တဲ့ငါ

စိမ်းစိုဦး



❖ အဟုတ်မို့
ကျုပ်တို့တောသားတွေများ
စကားအရာမှာ ကြွားစရာရှားပါးလွန်းတာကြောင့်
အများတကာကို အားမနာလို့မဟုတ်ပါဘူး
ကြုံကာဖန်ကာ ဝင့်ဝါမော်ကြွားရ
ဟာသလို့ ဆိုချင်ဆို.....။

❖ လုပ်ငန်းကိုင်ငန်းတွေမှာဖြင့်
ကိုယ်တစ်ခြမ်း ခြေတစ်လှမ်းနှာတစ်ဖျားအသာ
နှိုးထိုးတာ ဝါးခုတ်တာ ထယ်ထိုးတာ
ကောက်ရိတ်တာ မိန်းမပိုးတာ
ဖားရှာ ငါးရှာ ပျားရှာအလုပ်တွေမှာ
ခံ့တာ ဟန်တာ သန်တာ စွမ်းတာတွေကိုများ
လူထူထူကြားထဲမှာ ပါးစပ်အရသာခံချချပြ
ခေသူမဟုတ်ကြောင်း ကြွားရသကို.....။

❖ 'ငါ့ညီက ဖားရှာ ငါးရှာမှာ
တော်တော့်ကို တော်တာ ဒါပေမဲ့
ဝါးနှီးဖြာရာမှာတော့ ငါ့လောက်မတော်ပါဘူး
တောင်းပလုံးရက်တဲ့နေရာမှာတော့
ငါက တော်တော် တော်တဲ့လူကွ။
ငါ့အစ်ကိုတောင် ငါ့လောက်မတော်ဘူး'
အရူးလိုလို အပေါလိုလို သဘာဝလိုလို ဟာသလိုလို
အတည်လိုလို အပြောင်အပျက်လိုလို
ကိုယ့်စကားဘယ်ကိုရောက်မှန်းမသိ
စွတ်ကရိ စွတ်ကရာ စွမ်းရာသန်ရာသာရာထိုထို
ပွင့်လင်းဟောင်ဖွာ မှန်ရာကိုအတွင်သာကြွား.....။

❖ သူလည်းလေ လောကီသားပေမို့
ကြွားချင်လှပေလိမ့်မယ် သန်ရာစွမ်းရာကို
လူကြားသူကြားမှာ ချချပြောတတ်ကြ
ရယ်ရအခက် မဲ့ရအခက် လက်တွေ့စွမ်းရည်အရ
သူ့စကားက မှန်တယ်၊ ဒါပေမဲ့ ကြွားမကောင်းဘူး
သောက်ရူးနဲ့ မဖြစ်ပါဘူးလို့ ဝေဖန်မှုများကိုအသာထား
သေချာစွာစဉ်းစားတွေးတွက်
လေးနက်တဲ့ အဖြေကိုရှာ သူသန်ရာစွမ်းရာကို
ဂုဏ်ယူစွာဝင့်ဝါမော်ကြွားတဲ့ကိစ္စ အပရိကသဘောထား
ခင်ဗျားက ဘယ်ကဏ္ဍ ဘယ်အပိုင်း ဘယ်အလုပ်မျိုးမှာဖြင့်
'တော်တော် တော်တဲ့' ငါလို့ ကြွားစရာရှိပါရဲ့လား.....။

## ကြေးပိဋကတ်တော် လှူဒါန်းနေပါသည်

ဝဇီရဗုဒ္ဓိဋီကာကြေးပိဋကတ်တော် အလှူရှင်

– – – – – –



ပန်းပဲတန်းမြို့နယ်၊
၃၂လမ်း(အလယ်ဘလောက်) နေ
ဦးဝင်းမြင့် + ဒေါ် အေးအေးသန်း
ဝေဝေ ပုံနှိပ်တိုက် မိသားစု မှ
ကြေးပြား (၁၁)ချပ် ၊ တန်ဖိုး – ၂၈၆၀၀၀ ကျပ် ကို
ကြေးပိဋကတ်ဦးဆောင်ဆရာတော်ထံ
လာရောက်လှူဒါန်းပါသည်။

ဆက်သွယ်လှူဒါန်းရဌာန – မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းပေါ့ဗေဒါရွှေ)၊ ကြားတောရရပ်ကွက်၊ မပတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၈၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။

## (၉၇) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာအုပ်ပြပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်နေ့တွင် ကျရောက်သည့် (၉၇) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် စာအုပ်ပြပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Community Centre တွင် နိုဝင်ဘာလ ၇ ရက်နေ့၊ နံနက် ၁၀ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

'သမိုင်းဝင်နေ့တစ်နေ့ဖြစ်တဲ့ အမျိုးသားနေ့မှာ သားတွေ၊ သမီးတွေရဲ့ ရင်ထဲမှာအမျိုးသားနေ့အသိစိတ်ဓာတ်ထာဝရသိရှိသွားစေဖို့ ရည်ရွယ်ချက်နဲ့ ကျင်းပပြုလုပ်ခြင်းဖြစ်ပါတယ်' ဟု မြောင်းမြခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက အမျိုးသားနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ကဗျာရွတ်ဆိုပြိုင်ပွဲတွင် မြောင်းမြခရိုင် ပညာရေးမှူးဆရာကြီး ဦးခင်မောင်ဝင်းက အမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း ရှင်းလင်းပြောကြားပြီး၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း ပဥ္စမတန်းနှင့် ဆဋ္ဌမတန်းမှ ကျောင်းသား၊ ကျောင်းသူလေးများက 'အမျိုးသားနေ့ တို့မမေ့'၊ 'ကမ္ဘာတည်သရွေ့'၊ 'တို့အမျိုးသားနေ့'၊ 'ငါတို့မြန်မာ' စသည့်အမျိုးသားနေ့နှင့်သက်ဆိုင်သည့် ကဗျာများကို ရွတ်ဆိုယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**စန္ဒာမိုး (မြောင်းမြခရိုင် ပြန်/ဆက်)**



## အမျိုးသားသွေးဌာနမှ သွေးအလှူရှင်သစ်များ ဖိတ်ခေါ်နေ

ရန်ကုန်မြို့ရှိ အမျိုးသားသွေးဌာနမှ စနစ်တကျစုဆောင်းထားရှိသော သွေးအမျိုးအစား ၄ မျိုးအနက် A သွေး၊ B သွေး၊ AB သွေးအုပ်စုတို့မှာ လက်ကျန်ပမာဏလျော့နည်းလာပြီး ထိုသွေးအုပ်စုများကို လူနာအများဆုံးသွင်းပေးရသောကြောင့် သွေးအလှူရှင်ဟောင်းများအပြင် သွေးအလှူရှင်သစ်များကိုပါ သွေးလှူဒါန်းခြင်း၌ပါဝင်ကုသိုလ်ယူကြရန် ဖိတ်ခေါ်နေကြောင်းသိရှိရသည်။

အမျိုးသားသွေးလှူဌာနသည် နိုင်ငံအတွင်းရှိ အဓိကဆေးရုံကြီး ၉ ရုံအတွက်လိုအပ်သောသွေးများ အလွယ်တကူရရှိစေရန်ထောက်ပံ့နေရပြီး တစ်နေ့ပျမ်းမျှသွေးယူနစ် ၂၀၀ မှ ၂၅၀ အထိလိုအပ်နေ၍ သွေးလှူဒါန်းမှုများမှရရှိမည့်သွေးအတိုင်းအတာအရ အနည်းဆုံးယူနစ် ၂၀၀ ခန့်ရှိပါမှ လုံလောက်မည်ဖြစ်ကြောင်းသိရသည်။

သွေးလှူဒါန်းလိုသူများအနေဖြင့် အမျိုးသားသွေးဌာန၊ အင်တာနက်ဝက်ဘ်ဆိုက် www.donatebloodmyanmar.org တွင်ဖောင်ဖြည့်၍ ကြိုတင်စာရင်းပေးသွင်းနိုင်သည့်အပြင် ဖုန်း-၀၁၃၇၂၇၅၃ သို့လည်း ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း၊ အမှတ် (၉၇) ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ အမျိုးသားသွေးဌာနသို့ ကိုယ်တိုင်လာရောက်စာရင်းပေးသွင်းခြင်း၊ သွေးလှူဒါန်းခြင်းများ ပြုလုပ်နိုင်ပါကြောင်းသတင်းရရှိသည်။

**လွင်ဟိန်းထက်**

# လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း (၂/၂၀၁၇) ဖွင့်လှစ်

**မင်းထွဏ်း**

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၁၇) သင်တန်းကို အမှတ် (၃၅) ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ လျှပ်စစ်စစ်ဆေးရေးသင်တန်းခန်းမတွင် နိုဝင်ဘာလ ၁၄ ရက်နေ့မှစ၍ ရက်သတ္တ ၆ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းတွင် လျှပ်စစ်နှင့်ပတ်သက်သည့် အခြေခံသဘောတရား၊ လျှပ်စစ်ဥပဒေ၊ လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ပြည်သူများအား သိရှိနားလည်စေခြင်းဖြင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ၌ အန္တရာယ်ကင်းစွာပြုလုပ်ဆောင်ရွက်တတ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ အခြေခံလျှပ်စစ်ပညာ၊ လျှပ်စစ်တိုင်းတာရေးမီတာများအကြောင်း၊ အခြေခံအီလက်ထရောနစ်၊ အေစီ/ဒီစီ မော်တာများ၊ လျှပ်စစ်ထုတ်စက်၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ တည်ဆောက်ပုံနှင့်ထိန်းသိမ်းခြင်း၊ မော်တာနှိုးခလုတ်၊ မိုးကြိုးနှင့်မိုးကြိုးလွှဲ၊ စက်ရုံ၊ အလုပ်ရုံနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း စသည့်ဘာသာရပ်များအပြင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်စစ်ဆေးရေးဆိုင်ရာ သိကောင်းစရာများအား စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သင်တန်းဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။



သင်တန်းကာလတွင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာနရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဌာနမှ အငြိမ်းစားပုဂ္ဂိုလ်များအပြင် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ သင်တန်းနည်းပြဆရာများ ပူးပေါင်းပါဝင်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး တက်ရောက်သင်ကြားရန် စာရင်းပေးသွင်းထားကြောင်းသိရသည်။

# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဂျပန်-မြန်မာစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုစင်တာတို့ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဂျပန်-မြန်မာစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုစင်တာတို့ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲနှင့် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို နိုဝင်ဘာလ ၇ ရက်နေ့၊ နေ့လယ် ၁ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာရှိ မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ဂျပန်-မြန်မာစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုစင်တာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Matsumoto တို့က နှုတ်ခွန်းဆက်စကားများအသီးသီးပြောကြားပြီး ဥက္ကဋ္ဌ Mr.Noriyuki Yonemura က ဂျပန်-မြန်မာစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုစင်တာနှင့်ပတ်သက်၍ရှင်းလင်းပြောကြားကာ ပါဝင်ကြသည့်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဂျပန်-မြန်မာစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုစင်တာတို့ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာမောင်မောင်က မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံနိုင်သည့်အခွင့်အလမ်းများအား ရှင်းလင်းတင်ပြပြီး မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့်ဂျပန်လုပ်ငန်းရှင်များသည် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများထုတ်လုပ်ရေး၊ စားသောက်ကုန်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးကြကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

# YBS အမှတ် (၁၄) နှင့် အမှတ် (၃၈) ကားသစ်များ ယခုလအတွင်း လဲလှယ်မည်

ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ရှိပြေးဆွဲလျက်ရှိသော YBS ကားများထဲမှ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီပိုင် YBS အမှတ် (၁၄) နှင့် အမှတ် (၃၈) မော်တော်ကားများကို အသစ်များဖြင့်လဲလှယ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ယာဉ်အိုများကို နိုဝင်ဘာလ ၁၅ ရက်နေ့တွင် YBS အမှတ် (၁၄) အတွက် ကားအသစ် ၅၀ နှင့် YBS အမှတ် (၃၈) အတွက် ၂၈ စီး လဲလှယ်သွားမည်ဖြစ်ကြောင်း ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးဇေယျာလွင်ကပြောသည်။

၎င်းက 'ကားအသစ်တွေလဲလှယ်ပြီးပြီဆိုရင် YBS အမှတ် (၁၄) ကို ကားအစီးရေ ၅၀ နဲ့ဆွဲမှာဖြစ်ပါတယ်။ YBS အမှတ် (၃၈) ကို ကားအစီးရေ ၄၆ စီးနဲ့ပြေးဆွဲနိုင်မှာဖြစ်ပါတယ်။ ဒီပမာဏဟာ စီးမယ့်ခရီးသည်တွေအတွက် လုံလောက်တယ်လို့ ဆိုပါတယ်' ဟုပြောကြားခဲ့သည်။ ယခုတစ်ကြိမ်တွင် ကားအသစ်များလဲလှယ်ပြီးပြီဆိုလျှင် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီပိုင် ယာဉ်လိုင်းများအတွက် ကားအသစ် ၅၀ လဲလှယ်ဖို့သာ ကျန်ရှိကြောင်းသိရသည်။

**ဖူးပွင့်ခက်ဝေ**



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## မြန်မာနိုင်ငံတစ်ဝှမ်းရှိ သရက်ခြံများကို တရုတ်ကုန်သည်များ ဝယ်ယူလျက်ရှိ

မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးရေး အတွင်းရေးမှူး ဦးကျော်စိုးနိုင်၏ ပြောပြချက်အရ ယခုနှစ်သရက်သီးအထွက်နှုန်းမှာ ယခင်နှစ်ကထက်ကျဆင်းပြီး ဈေးနှုန်းမြင့်တက်လာနိုင်၍ မြန်မာနိုင်ငံတစ်ဝှမ်းရှိ သရက်ခြံများကို တရုတ်ကုန်သည်များက ခြံပြတ်လိုက်လံဝယ်ယူလျက်ရှိလာကာ မန္တလေးတိုင်းဒေသကြီး၌ ဝယ်ယူမှုမြင့်တက်လျက်ရှိကြောင်းသိရသည်။

လက်ရှိတွင် တရုတ်ကုန်သည်များက ကြိုပွဲ့ငွေစနစ်ဖြင့် သရက်ခြံများကို သုံးနှစ်စာဝယ်ယူမှုများရှိနေပြီး ဝယ်ယူရာတွင် ခြံအကျယ်အဝန်းနှင့် အပင်အရေအတွက်ပေါ် မူတည်ပြီး ဈေးနှုန်းအမျိုးမျိုးထားရှိကာ ယခုအောက်တိုဘာလသည် သရက်ပင်များရွက်သစ်ထွက်သည့်အချိန်သာ ရှိနေသေး၍ အသီးမည်မျှတင်မည်ကို ခန့်မှန်းခက်နေသော်လည်း ဈေးကွက်ကိုဦးစွာစုံစမ်းကြပြီး ဝယ်ယူနေကြကြောင်း ဦးကျော်စိုးနိုင်ကပြောသည်။



ယင်းကဲ့သို့ သရက်ခြံများကို ခြံပြတ်ဈေးပေးကာ ဝယ်ယူကြသည့်အတွက် လာမည့်သရက်သီးပေါ်ချိန်တွင် ပြည်တွင်း၌ ယခင်နှစ်များထက် သရက်သီးဈေးနှုန်းပိုမိုမြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **လေးမောင်မောင်**

## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးစပါးရိတ်သိမ်းချိန် တောင်သူများအခက်ကြုံ



မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးစပါးသီးနှံရိတ်သိမ်းရာတွင် တောင်သူများ အခက်အခဲများကြုံတွေ့နေရပြီး ပျက်စီးဆုံးရှုံးခြင်းများလည်းရှိနေကြောင်း ခရမ်းမြို့နယ်ရှိ တောင်သူများကဆိုသည်။

ခရမ်းမြို့နယ်မှတောင်သူတစ်ဦးက 'မနှစ်ကတော့ မဖြစ်ဘူး။ ဒီနှစ်ကတော့ လွန်တယ်ဗျာ။ စပါးကရိတ်ချိန်ရောက်နေပြီ။ မရိတ်လို့လည်း မဖြစ်တော့ဘူး။ ရိတ်ပြန်တော့လည်း ရေတွေနဲ့ဆိုတော့ ဒီနှစ်တော်တော်ပျက်စီးတယ်။ တချို့ဆို ရိတ်လို့ကိုမရတော့လို့ ဒီအတိုင်းကိုထိုင်ကြည့်နေရတယ်။ နောက် သုံး၊ လေးရက်လောက်ဆက်တိုက်ဆက်ရွာမယ်ဆိုရင် ပိုပြီးပျက်စီးမှုများရှိလာနိုင်ပါတယ်' ဟုပြောကြားသည်။

ခရမ်းမြို့နယ်အတွင်းတွင် နိုဝင်ဘာလ၌ နေ့စဉ်လိုလိုမိုးအဆက်မပြတ်ရွာသွန်းနေခြင်းဖြစ်ပြီး ဆောင်းသီးနှံစိုက်ပျိုးဖို့အတွက် ထွန်ယက်ဖို့လည်း အခက်အခဲများကြုံတွေ့နေရကာ မိုးဆက်လက်ရွာသွန်းမည်ကိုလည်း စိုးရိမ်နေကြောင်းဆိုသည်။

ခရမ်းမြို့နယ် မိုးလေဝသနှင့် ဇလဗေဒဌာနကို ဆက်သွယ်မေးမြန်းရာ 'မုန်တိုင်းကတော့ နောက်တစ်လုံးရှိပါသေးတယ်။ မြန်မာနိုင်ငံကို ဝင်လာ/မဝင်လာတော့ သူ့ရဲ့ဦးတည်ချက်ကိုကြည့်ပြီးမှ သိနိုင်မယ်လေ။ ဒီလထဲမှာတော့ မိုးရေချိန်ထူးခြားဖြစ်စဉ် ၃ လက်မကျော်အထိ ရွာခဲ့ပါတယ်' ဟုပြောကြားသည်။ ယခုလ၌ အမြင့်ဆုံးမိုးရေချိန်အဖြစ် ၃. ၁၁ လက်မအထိ ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**ဖူးပွင့်ခက်ဝေ**

## ယခုနှစ် ကော်ဖီအထွက်နှုန်း ကောင်းမွန်နိုင်

ယခုနှစ်တွင်ရာသီဥတုကောင်းမွန်သည့်အတွက် ကော်ဖီစိုက်ပျိုးရာဒေသများ၌ ကော်ဖီအထွက်နှုန်းကောင်းမွန်နိုင်မည်ဟု ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဌ ဦးရဲမြင့်ထံမှသိရသည်။

ပြီးခဲ့သည့်နှစ်က ကော်ဖီစိုက်ပျိုးချိန်တွင် မိုးသီးကြွေခြင်းနှင့်ရာသီဥတုဆိုးရွားခြင်းများကြောင့် စိုက်ခင်းတချို့ပျက်စီးခဲ့ရာ တန်ချိန် ၂,၀၀၀ ခန့်သာထွက်ရှိခဲ့၍ ယခုနှစ်တွင် ပိုမိုထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။ ထို့အပြင် ကော်ဖီတွင် မြေနိမ့်ကော်ဖီနှင့်ကုန်းမြင့်ကော်ဖီဟူ၍ နှစ်မျိုးရှိရာ ကုန်းမြင့်ကော်ဖီသည် အဓိကအားဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃,၅၀၀ အထက်တွင် စိုက်ပျိုးနိုင်ပြီး ကမ္ဘာပေါ်၌စိုက်ပျိုးနိုင်သည့်ဧရိယာနည်းပါးသော်လည်း မြန်မာနိုင်ငံ၌ ကုန်းမြင့်ဧရိယာများပြား၍ ကော်ဖီစိုက်ပျိုးနိုင်ကြောင်းသိရသည်။

ကော်ဖီကို ပြည်တွင်း၌ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပြင်ဦးလွင်၊ တာချီလိတ်၊ ကျိုင်းတုံစသည့်ဒေသများ၌ အဓိကစိုက်ပျိုးကြပြီး လတ်တလောတွင် ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌လည်း ဒေသခံများနှင့် ပူးပေါင်းကာ ရှိပြီးသားကော်ဖီစိုက်ခင်းများကို ပြန်လည်တိုးချဲ့စိုက်ပျိုးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဟိန်းသူ**



## ပြင်ဦးလွင်ပန်းပွဲတော် ပန်းမျိုးစုံနှင့်ရုပ်လုံးရုပ်ကြွများဖြင့် ပြသမည်



ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် (၁၂) ကြိမ်မြောက် ပန်းပွဲတော်ကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့အထိ ခင်းကျင်းပြသနိုင်ရန် နိုဝင်ဘာလဆန်းမှစတင်ပြီး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ် ပြင်ဦးလွင်ပန်းပွဲတော်တွင် ပန်းအစစ် ၇၀ ရာခိုင်နှုန်းခန့်နှင့် ပန်းအတု ၃၀ ရာခိုင်နှုန်းပြသသွားမည်ဖြစ်ပြီး ပန်းမျိုးစုံတစ်သိန်းကိုးသောင်းကျော်စိုက်ပျိုးထားကြောင်း သိရသည်။

ပြင်ဦးလွင်ပန်းပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးနှင့်ပြင်ဦးလွင်မြို့ အထိမ်းအမှတ်ရုပ်လုံးရုပ်ကြွအရုပ်များလည်း ပုံဖော်ကာပန်းများနှင့်အလှဆင်ပြသသွားမည်ဖြစ်သည်။ ပြင်ဦးလွင်ပန်းပွဲတော်သို့ ပြည်တွင်းပြည်ပဧည့်သည်တော်များ လာရောက်ကြပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ဒေသထွက်ကုန်အရောင်းဆိုင်များ၊ နိုင်ငံကျော်တေးသံရှင်များ၏ဖျော်ဖြေတင်ဆက်မှုများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

## အသက်အာမခံငွေအပေါ် အတိုးပေးရန်စီစဉ်

အသက်အာမခံဝယ်ယူသည့် ငွေအပေါ် နှစ်ရှည်သက်တမ်းပုံမှန်ထား၍ အတိုးသဘောမျိုးပေးရန် စီစဉ်နေကြောင်း ပုဂ္ဂလိကအာမခံကုမ္ပဏီများထံမှ သိရသည်။

လက်ရှိရောင်းချနေသည့် အသက်အာမခံအမျိုးအစားသည် အလွန်ရိုးရှင်း၍ ငွေစုပုံစံမျိုးသာရှိကာ ယင်းငွေအပေါ် အတိုးမဲ့ဖြစ်နေသောကြောင့် ပြည်သူများအနေဖြင့် စိတ်မဝင်စားဖြစ်နေကြသည်။

ပြည်တွင်းတွင် လူ့အသက်ကို အာမခံခြင်းထက် ပစ္စည်းကိုအာမခံခြင်းများသာ စိတ်ဝင်စားနေကြကြောင်းကို CB Insurance ကုမ္ပဏီမှအုပ်ချုပ်မှု ဒါရိုက်တာဦးသောင်းဟန်က ပြောသည်။

ယခုလုပ်နေသည့်ပုံစံတွင် ငွေလည်းစုပြီး အသက်အာမခံပါရောင်းကြောင်း၊ ဝယ်ထားသည့်နှစ်ပြည့်သည်နှင့် စုပြီးငွေကိုထုတ်ပေးခြင်း၊ ကြားကာလတွင် တစ်ခုခုဖြစ်က အာမခံလျော်ကြေးပေးခြင်း၊ အာမခံသက်တမ်းပြည့်သွားပါက စုထားသည့်ငွေအပေါ် အတိုးပေးရန်အတွက် အတိုးနှုန်းညှိနှိုင်းနေကြောင်း အုပ်ချုပ်မှုဒါရိုက်တာ ဦးသောင်းဟန်ကပြောသည်။

အသက်အာမခံနှင့်ပတ်သက်ပြီး ပြည်ပနိုင်ငံများတွင် အသက်အာမခံဝယ်သူများက ငွေပါတွဲပြီးစုကာ စုငွေအပေါ် အတိုးရသည်။ အသက်အာမခံဝယ်သည့်အခါမှာလည်း အလားအလာကောင်းသည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပေးထားပြီး အမြတ်ငွေလည်းထုတ်ပေးသည့်အတွက် ပြည်ပနိုင်ငံများတွင် အသက်အာမခံ ရောင်းကောင်းနေခြင်းဖြစ်သည်။ ဒီအတွက် ပြည်တွင်းတွင်လည်း ယင်းကဲ့သို့လုပ်ဆောင်နိုင်ရန် တစ်ဆင့်ချင်းစီသွားမည်ဖြစ်ကြောင်းသိရသည်။

**ဆွေဝင်းမောင်**

## သဘင်အစည်းအရုံးရပ်တည်နိုင်ဖို့အတွက် အလှူခံထွက်နေရ

**မြင့်မြတ်အောင်မြင်**

မြန်မာ့ရိုးရာသဘင်၊ ဂီတဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်၏အထောက်အပံ့များ လိုအပ်နေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဖိုးချစ်က ပြောသည်။

မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဖိုးချစ်က ‘သဘင်အစည်းအရုံးအနေနဲ့ ကိုယ်ပိုင်ရုံးခန်း မဖွင့်နိုင်သေးသလို သဘင်ရွာတည်ဆောက်ဖို့ မြေနေရာလျှောက်ထားတာလည်း မထူးခြားသေးပါ’ ဟု ပြောကြားခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်းသယ်ပေးနိုင်ဖို့ သဘင်အစည်းအရုံးအနေဖြင့် လုပ်ဆောင်နေသော်လည်း သီးသန့်အကူအညီပေးခြင်းများ မရှိဟုဆိုသည်။ ထို့ကြောင့် အဖွဲ့ဝင်များကိုယ်တိုင် အလှူခံထွက်ပြီး ရရှိလာသောငွေကြေးများနှင့် ဆက်လက်ရပ်တည်သွားနေခြင်းဖြစ်ကြောင်းသိရသည်။



## မသန်စွမ်းသူများ၏ ဝေဖန်မှုခံနေရသော ကို့ယို့ကားယားဇာတ်ကားအား ဖျက်သိမ်းမည်ဟုဆို

မြန်မာနိုင်ငံ မသန်စွမ်းသူများက ဝေဖန်မှုများစွာဖြစ်ပေါ်နေသော သရုပ်ဆောင် မြင့်မြတ်ရိုက်ကူးမှုအနည်းငယ်စတင်ထားသည့် ကို့ယို့ကားယားအမည်ရှိဇာတ်ကား ရိုက်ကူးမှုအား အပြီးသတ်ရပ်တန့်လိုက်ပြီဖြစ်ကြောင်း ဒါရိုက်တာပြည်ဟိန်းသီဟက ပြောကြားလိုက်သည်။

အဆိုပါဇာတ်ကားတွင် ပြည်သူချစ်သော သရုပ်ဆောင်မြင့်မြတ်က ပိုလီယိုရောဂါသည်တစ်ယောက်ပုံစံအဖြစ် ရိုက်ကူးနေသည်ဟုဆိုကာ မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများဘက်မှ ဝေဖန်မှုများစွာထွက်ပေါ်လာခဲ့သည့်အတွက် ဖေ့စ်ဘွတ်လူမှုကွန်ရက်ပေါ် ထိုဇာတ်ကားအကြောင်းများ ပျံ့နှံ့ခဲ့ကြောင်းသိရသည်။

ယင်းဇာတ်ကားကိစ္စအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီ ဦးဇင်ဝိုင်းကိုယ်တိုင်က အောက်တိုဘာလ ၂၃ ရက်နေ့တွင် နှစ်ဖက်တွေ့ဆုံညှိနှိုင်းပေးမည်ဟု ဖေ့စ်ဘွတ်မှတစ်ဆင့် ရေးသားဖော်ပြခဲ့သည်။

ဒါရိုက်တာ ပြည်ဟိန်းသီဟက အဆိုပါဇာတ်ကားနှင့်ပတ်သက်၍ အောက်တိုဘာလ ၂၂ ရက်နေ့ကတည်းက ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာတွင် ထိုဇာတ်ကားကို ဆက်လက်ရိုက်သွားမည်မဟုတ်ဘဲ အပြီးတိုင်ရိုက်ကူးမှုကို ဖျက်သိမ်းလိုက်ပြီဟု ကြေညာချက်ထုတ်လိုက်သည်။

ဒါရိုက်တာ ပြည်ဟိန်းသီဟက ‘ပြဿနာအားလုံး ရှင်းသွားအောင် ကို့ယို့ကားယား ရုပ်ရှင်ဇာတ်ကားကို ဆက်လက်၍ရိုက်ကူးခြင်းမရှိတော့ပါဘူး။ လိုက်လည်း မဖြေရှင်းချင်တာကြောင့်နဲ့ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့လည်း မလိုလားတဲ့ပြဿနာများကို ယခုလိုနည်းဖြင့်သာ ဖြေရှင်းလိုက်တာဖြစ်ပါတယ်’ ဟု ပြောကြားခဲ့သည်။

**ဖူးပွင့်ခက်ဝေ**



## ထူးခြားဆန်းပြား မြန်မာ့ဆိုင်းဝိုင်းဝတ်စုံဖြင့် မယ်စကြာဝဠာပြိုင်ပွဲဝင်မည့် ဇွန်သံစဉ်

အမေရိကန်နိုင်ငံ၊ လာ့စ်ဗီးဂက်စ်မြို့တွင် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပမည့် (၆၆) ကြိမ်မြောက် မယ်




စကြာဝဠာပြိုင်ပွဲတွင် မြန်မာအလှမယ် ဇွန်သံစဉ်က ထူးခြားဆန်းပြားသည့် မြန်မာ့ဆိုင်းဝိုင်းဝတ်စုံဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်းဝိုင်းကြီးတွင် ဆိုင်းတီးပုံနှင့် သရုပ်ဖော်ပြပေးမည့် အလှမယ်၏ဝတ်စုံကို ကုန်းဘောင်ခေတ်မင်းသမီးများ၏ဝတ်စုံပုံစံကိုမှီငြမ်းကာ ဒီဇိုင်နာသဇင်ခင်က ဖန်တီးပေးထားခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါဝတ်စုံ၏ အဆင်တန်ဆာများကို မြန်မာ့လက်မှုရွှေချည်ထိုးနှင့်ပြုလုပ်ကာ ရွှေသားစစ်စစ်များနှင့်လည်း ထည့်သွင်းအလှဆင်ထားပြီး ငွေကျပ်သိန်း ၁၀၀ ကျော် ကုန်ကျခံထားကြောင်းသိရသည်။ အမျိုးသားဝတ်စုံအဖြစ် ပုံဖော်ထားမှုတွင် မြန်မာ့ဆိုင်းဝိုင်းကြီး၏ ရှေ့တည့်တည့်က နေမြင်ရသည့်ပုံသဏ္ဍာန်နှင့် တင်ဆက်သွားမည်ဖြစ်ပြီး ပတ်ဝိုင်းကြီးပုံကိုပုဝါနှင့်သိုင်းကာ အလှမယ်က သူနှင့်ဆွဲယူသယ်ဆောင်လာမည်ဖြစ်ပြီး နောက်တွင် ခေါက်ယူလာသော ကြေးဝိုင်း၊ ပတ်မဝိုင်းနှင့်ပန္နရူပများကို ချပြမည်ဖြစ်ကြောင်း Miss Universe Myanmar ၏တရားဝင်အင်တာနက်စာမျက်နှာတွင် ဖော်ပြထားကြောင်း သိရသည်။

အလှမယ်ဇွန်သံစဉ်က နိုဝင်ဘာလ ၉ ရက်နေ့ ညပိုင်းက ရန်ကုန်မြို့မှအမေရိကန်နိုင်ငံကို ထွက်ခွာသွားကြောင်းသိရသည်။ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် မယ်စကြာဝဠာပြိုင်ပွဲတွင် မြန်မာအလှမယ် ထက်ထက်ထွန်းက ရုပ်သေးစင်ပေါ်မှ ရုပ်သေးအကအလှများနှင့်ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အကောင်းဆုံးအမျိုးသားဝတ်စုံဆု ရရှိခဲ့ကြောင်း သိရသည်။ **မြင့်မြတ်အောင်မြင်**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# SME များနှင့် စက်မှုဝန်ကြီးဌာန၏အခန်းကဏ္ဍ

**မောင်စိန်ဝင်း (ညောင်ခါးရှည်)**

သတင်းနည်းပညာခေတ်ကြီးတွင် ဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အလေးထားဆောင်ရွက်လာကြပါသည်။ နည်းပညာကိုအသုံးချခြင်းဖြင့် အရည်အသွေးမီတန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်နိုင်ကာ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် အခွင့်အလမ်းများဖြစ်ပေါ်စေပြီး ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပါသည်။

အဆင့်မြင့် နည်းပညာရပ်များသည် ငွေကြေးကုန်ကျမှု များလွန်းသည်မှန်သော်လည်း ငွေကြေးကုန်ကျမှုမပြုနိုင်ပါက သင်ယူမှုနည်းပညာအဆင့်ဖြင့်သာ ရပ်တည်နေပြီး ထုတ်လုပ်မှုနည်းပညာနယ်ပယ်သို့ ရောက်ရှိနိုင်ရန် အလှမ်းကွာဝေးနေမည်ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သဖြင့် အဆိုပါလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာသာမက ငွေကြေးအရင်းအနှီးရရှိရေးသည် အလွန်အရေးပါသောအနေအထားဖြစ်ပါသည်။




SME လုပ်ငန်းများ၏ ပြည်ပပို့ကုန်ကြိမ်ထည်ပစ္စည်းများ။

မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) သည် အာဆီယံစီးပွားရေး GDP ၏အဓိကမောင်းနှင်အားဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်မှု၏ ၉၅ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းရှိပြီး အလုပ်အကိုင်ရရှိမှု၏ ၅၁ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်း၊ GDP တိုးတက်မှု၏ ၂၅ ရာခိုင်နှုန်းမှ ၅၈ ရာခိုင်နှုန်းသည် SMEs လုပ်ငန်းများကြောင့်ဖြစ်ကြောင်း သတင်းဆောင်းပါးတစ်ပုဒ်တွင် ဖတ်လိုက်ရပါသည်။

မြန်မာနိုင်ငံတွင် SMEs သည် စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ ထို့အပြင် အလုပ်အကိုင်အခွင့်အလမ်းအားလုံး၏ ၇၀ ရာခိုင်နှုန်းမှာလည်း SMEs လုပ်ငန်းများပင်ဖြစ်ပါသည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် အကြီးစား၊ အလတ်စားနှင့် အသေးစား ပုဂ္ဂလိကစက်မှုလုပ်ငန်းပေါင်း ၄၈,၀၀၀ ကျော်ရှိပြီး အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ အဓိပ္ပာယ်သတ်မှတ်ချက်များနှင့်စိစစ်ကြည့်ပါက အများစုမှာ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်ကြပြီး ယင်းစက်မှုလုပ်ငန်းစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်ပါသည်။ ယင်းတို့အနက် စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းသည် ၆၀ ရာခိုင်နှုန်းနီးပါးရှိပြီး အများဆုံးဖြစ်ပါသည်။

အဆိုပါ ပုဂ္ဂလိကလုပ်ငန်းများကိုလေ့လာလျှင် လုပ်ငန်းအုပ်စုအလိုက် စားသောက်ရေးဆိုင်ရာလုပ်ငန်း၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းများလုပ်ငန်း ၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပုံနှိပ်စက္ကူထုတ်ကုန်လုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်း၊ ဓာတ်သတ္တုပစ္စည်းပြုပြင် ထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးရေးကိရိယာထုတ်လုပ်ငန်း၊ စက်နှင့်စက်ပစ္စည်းများထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့်တပ်ဆင်ခြင်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်မှုလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် အခြားကုန်ပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းစသည်ဖြင့် အမျိုးအစား ၁၃ မျိုးခွဲခြားထားပါသည်။ ၎င်းစက်မှုလုပ်ငန်းများအပြင် အခြားသောဌာနများတွင် မှတ်ပုံတင်ထားသည့် ရောင်းဝယ်မှု၊ ဝန်ဆောင်မှု စသည့်



စွန့်ဦးစီးပွားနည်းပညာနှင့် လုပ်ငန်းဖွံ့ဖြိုးမြှင့်တင်ရေးနည်းပြသင်တန်းနှင့် ဆင့်ပွားသင်တန်းပို့ချနေမှုအား တွေ့မြင်ရစဉ်။

စီးပွားရေးလုပ်ငန်းများ စာရင်းကိုကောက်ယူစုပေါင်းကြည့်ရာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းအရေအတွက် စုစုပေါင်း တစ်သိန်းလေးသောင်းပတ်ဝန်းကျင်ရှိကြောင်း သိရှိရပါသည်။

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၏ Focal Ministry ဖြစ်သည့် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်သည့်လုပ်ငန်းများ ပံ့ပိုးဆောင်ရွက်ပေးခြင်းနှင့် စျေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အရည်အသွေးမီထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးနိုင်ရေး၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း SME လုပ်ငန်းရှင်များ၏ လိုလားချက်နှင့်အညီ နည်းပညာများဖြန့်ဖြူးပေးခြင်း၊ နိုင်ငံတကာစျေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ပြည်တွင်း/ပြည်ပအကူအညီများ ရယူဆောင်ရွက်ပေးခြင်းသာမက ဒေသတွင်းစီးပွားရေးကွန်ရက်အတွင်း တိုးတက်ဝင်ရောက်ပြီး တီထွင်ဖန်တီးဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်များ မြင့်မားတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာအကူအညီနှင့် ငွေကြေးအရင်းအနှီးရရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ နည်းပညာရှိမှသာ အရည်အသွေးမီပြည်ပပို့ကုန်များ၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတကာအဆင့်မီ Packing Design မှစ၍ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုအထိ အဆင့်မြှင့်တင်နိုင်ရန် အရေးကြီးပါသည်။ စက်မှုကဏ္ဍသာမက ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှု၊ အိမ်တွင်းစက်မှုလုပ်ငန်းများ စသည့်ကဏ္ဍအသီးသီးရှိ SME များနှင့် စွန့်ဦးတီထွင်လုပ်ငန်းများတွင် နည်းပညာအကူအညီလိုအပ်သကဲ့သို့ ငွေကြေးပံ့ပိုးပေးနိုင်ခြင်းမရှိပါက ယှဉ်ပြိုင်နိုင်မှုနှင့် လုပ်ငန်းရေရှည်ရပ်တည်ရန် အခက်အခဲရှိမည်ဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခက်အခဲနှင့် စိန်ခေါ်မှုများကို ကျော်လွှားရာတွင် အထောက်အကူဖြစ်စေရန် နိုင်ငံတကာချေးငွေရရှိရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

ဂျပန်နိုင်ငံ Japan International Cooperation Agency (JICA) ၏ Two Step Loan ချေးငွေသည် မြန်မာနိုင်ငံတွင် SME လုပ်ငန်းများ၏ကုန်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေပြီး၊ SME လုပ်ငန်းများ၏ငွေကြေးလည်ပတ်မှု အားကောင်းလာစေရန် ရည်ရွယ်လျက် ဂျပန်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ ချေးငွေယန်း သန်း ၅,၀၀၀ ထုတ်ချေးပြီး၊ မြန်မာ့စီးပွားရေးဘဏ် (MEB) မှတစ်ဆင့် ပုဂ္ဂလိကဘဏ် ၆ ခု၊ တစ်ဖန်ထပ်မံ၍ ယင်းဘဏ်များမှတစ်ဆင့် SME လုပ်ငန်းများသို့ နှစ်ဆင့်ခံချေးငွေ Two Step Loan ချေးငွေအဖြစ် ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပါသည်။ JICA ၏ Two Step Loan ချေးငွေထုတ်ချေးနိုင်ရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှဦးဆောင်၍ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းကော်မတီ (Working Committee) ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါချေးငွေကို SME လုပ်ငန်းရှင်များသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ကမ္ဘောဇဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ ဧရာဝတီဘဏ်၊ သမဝါယမဘဏ်နှင့် မြန်မာ့ရွှေဆောင်ဘဏ်တို့မှတစ်ဆင့် ထုတ်ချေးပေးလျက်ရှိပါသည်။

၎င်းအပြင် ဂျာမနီနိုင်ငံအစိုးရမှ ယူရိုငွေ ၄. ၅၅ သန်း၊ မြန်မာငွေကျပ် ၆,၇၅၇. ၃၂၅ သန်းကို ဂျာမနီနိုင်ငံအခြေစိုက်ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဘဏ်တို့ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များသို့ လုပ်ငန်းခိုင်မာမှုပေါ်မူတည်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်လျက် တစ်ဦးလျှင် အများဆုံး ကျပ်သိန်းငါးထောင်အထိထုတ်ချေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

စာမျက်နှာ ၁၉ သို့-

စာမျက်နှာ ၁၈ မှ-

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် SME လုပ်ငန်းရှင်များ Credit Guarantee Insurance (CGI) စနစ်ဖြင့် ချေးငွေလျှောက်ထားနိုင်ရန်အတွက် အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်အား ပုဂ္ဂလိကဘဏ်များနှင့် မြန်မာ့အာမခံလုပ်ငန်းတို့သို့ ထုတ်ပေးလျက်ရှိပါသည်။


SME လုပ်ငန်းများ၏ ပြည်ပပို့ကုန်ယွန်းထည်ပစ္စည်းများ။

ယခင်က ချေးငွေများထုတ်ချေးရာတွင် အပေါင်ပစ္စည်းတင်ပြမှ ထုတ်ချေးသည့်စနစ်ကို ဆောင်ရွက်ခဲ့ရာ SME များသည် ဘဏ်များမှသတ်မှတ်သည့်အပေါင်ပစ္စည်း မတင်ပြနိုင်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် ဘဏ်မှချေးငွေရနိုင်ရန် အခက်အခဲမျိုးစုံ ကြုံတွေ့ကြရပါသည်။ ထိုအခက်အခဲကို ဖြေလျှော့သည့်အနေဖြင့် ယခုအခါ အပေါင်ပစ္စည်းမဲ့ချေးငွေရရှိနိုင်ရန်အတွက် CGI စနစ်ကို အသုံးပြုနိုင်ပါသည်။ အပေါင်ပစ္စည်း ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လုပ်ငန်းခိုင်မာမှုရှိပြီး အလားအလာကောင်းများရှိပါက ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါပြီး တစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းခန့်ရှိသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအား ငွေကြေးအရင်းအနှီးပံ့ပိုးပေးရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် အတိုးနှုန်းသက်သာသော ချေးငွေများစနစ်တကျထုတ်ချေးနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်မှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ်၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အပိုဒ် ၂ (က) နှင့်အပိုဒ် ၂ (ခ)ပါ သတ်မှတ်ချက်အရ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (SME) လုပ်ငန်းလိုင်စင်ရရှိထားပြီး တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ SME Agency များ၏ထောက်ခံချက်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုအစိုးရအဖွဲ့များ၏ လုပ်ငန်းဆိုင်ရာစိစစ်ထောက်ခံချက် ရရှိထားသည့် အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များအား ဦးစားပေးထုတ်ချေးပါမည်။

အချုပ်အားဖြင့် စက်မှုဝန်ကြီးဌာနသည် မူလရည်မှန်းချက်ဖြစ်သည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆက်လက်ဆောင်ရွက်သင့်သည့် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ အောင်မြင်မှုရရှိစေရန်၊ ပုဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန်နှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန် အတွက် ဆောင်ရွက်နေသကဲ့သို့ လုပ်အားအခြေပြုစက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်မှုများမှသည် ဆန်းသစ်သောအတွေးအခေါ်နှင့် ဖန်တီးမှုများ၊ ဈေးကွက်သစ်များဖော်ထုတ်၍ လုပသောဒီဇိုင်းပုံစံများဖြင့် ဈေးကွက်ချဲ့ထွင်ခြင်းများကို အားပေးဆောင်ရွက်ပြီး ပြည်တွင်းဈေးကွက်ချဲ့ထွင်နိုင်ခြင်းမှတစ်ဆင့် ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ ဖြစ်ပေါ်လာစေရန်အတွက် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

## Honeywell မှ မြန်မာနိုင်ငံရှိ ဓာတုအင်ဂျင်နီယာကျောင်းသား (၆) ဦးကို ပညာသင်ဆုချီးမြှင့်

ကမ္ဘာ့ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သော Honeywell မှ မြန်မာနိုင်ငံအတွင်းရှိ ထူးချွန်ထက်မြက်သောအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများကို မြေတောင်မြှောက်ပေးလျက်ရှိရာ Honeywell ၏စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုကိုဖော်ဆောင်သောအနေနှင့် မြန်မာနိုင်ငံရှိထိပ်တန်းနည်းပညာတက္ကသိုလ်နှစ်ခုတွင် ဓာတုဗေဒအင်ဂျင်နီယာဘာသာရပ်ကို အထူးပြုလေ့လာနေသောမြန်မာကျောင်းသား ၆ ဦးကို ပညာသင်ဆုများ ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ၂၀၁၇ ခုနှစ် ပညာသင်ဆုအစီအစဉ်မှာ မြန်မာနိုင်ငံအတွင်း Honeywell မှ ဒုတိယအကြိမ်မြောက် ထောက်ပံ့ချီးမြှင့်ခြင်းဖြစ်သည်။ ပညာသင်ဆုတွင် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်မှ ကျောင်းသား ၆ ယောက်ပါဝင်ပြီး ကျောင်းသားတစ်ဦးစီကို အမေရိကန်ဒေါ်လာ ၅၀၀ စီ ဆုချီးမြှင့်သွားမည်ဖြစ်သည်။

ယခုမြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သော ဤပညာသင်ဆုအစီအစဉ်ကို ဗီယက်နမ်နှင့်ဖိလစ်ပိုင်နိုင်ငံများတွင်လည်း ပြုလုပ်လျက်ရှိပြီး ဆုရရှိသူစုစုပေါင်းအနက်မှ ၅ ဦးခန့်သည် ရေနံဓာတုထုတ်လုပ်ခြင်း (Refining) နည်းပညာဆိုင်ရာနယ်ပယ်တွင် ကမ္ဘာ့အသိအမှတ်ပြု ဦးဆောင်နေသောလုပ်ငန်းတစ်ခုဖြစ်သည့် Honeywell UOP ၏အမေရိကန်ရှိ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုစခန်းတွင် အလုပ်သင်အခွင့်အရေးလည်း ရရှိသွားမည်ဖြစ်သည်။ အလုပ်သင်အခွင့်အရေးအတွက် ရွေးချယ်ခံရသောအင်ဂျင်နီယာကျောင်းသားများကို ၎င်းတို့၏အရည်အချင်းများ ပိုမိုတိုးတက်ကောင်းမွန်လာအောင် UOP သည် နည်းပညာပိုင်းမှတိုက်ရိုက်ပါဝင်ပြီး အတွေ့အကြုံများ မျှဝေပေးသွားမည်ဖြစ်ပါသည်။ ‘ဒီပညာသင်ဆု မြန်မာနိုင်ငံမှာ Honeywell အနေနဲ့ ဒုတိယအကြိမ် ပြုလုပ်တာဖြစ်ပြီး ဓာတုဗေဒ အင်ဂျင်နီယာဘာသာရပ်ကို လေ့လာသင်ယူနေကြတဲ့ အရည်အချင်းရှိ ကျောင်းသားလူငယ်တွေကို မြေတောင်မြှောက်ပေးပြီး မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုမှာ အခုလိုပါဝင်ကူညီခွင့်ရတဲ့အတွက် ဂုဏ်လည်းယူပါတယ်။ ဝမ်းသာအားရလည်း ဖြစ်ရပါတယ်’ ဟု Honeywell UOP ၏ Vice Pre-sident နှင့် Chief Technology Officer Jim Rekoske က ပြောကြားခဲ့သည်။

‘မြန်မာနိုင်ငံမှာရှိတဲ့ ထိပ်တန်းတက္ကသိုလ်တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံရဲ့ရေနံဓာတုနဲ့ ဓာတ်ငွေ့ဆိုင်ရာသန့်စင်ရေးနှင့် ထုတ်လုပ်ရေးကဏ္ဍတွေကို နှစ်ပေါင်းများစွာအထောက်အကူပြုမယ့် မြန်မာ့သိပ္ပံနဲ့သုတေသနကျွမ်းကျင်သူ နောက်မျိုးဆက်သစ်တွေအတွက် ကျွန်တော်တို့ရဲ့အစီအစဉ်က ရင်းနှီးမြှုပ်နှံပေးတဲ့သဘောပါ’ ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

‘UOP က ရေနံအင်ဂျင်နီယာနယ်ပယ်မှာ ဦးဆောင်နေတဲ့ကုမ္ပဏီတစ်ခုဖြစ်တဲ့အတွက် Honeywell UOP ကနေ ကျောင်းသားတွေကိုချီးမြှင့်တဲ့ပညာသင်ဆုကြေးငွေကို ကျွန်တော်တို့တန်ဖိုးထားပါတယ်။ ဒီအစီအစဉ်ကနေရရှိထားတဲ့ အတွေ့အကြုံတွေကြောင့် စိတ်လှုပ်ရှားအားတက်ခဲ့ရပါတယ်’ ဟု မန္တလေးနှင့်ရန်ကုန်နည်းပညာတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသားများက ပြောကြားခဲ့သည်။ ‘ကျွန်တော်ရရှိခဲ့တဲ့ ကျွမ်းကျင်မှု၊ အတွေ့အကြုံသစ်တွေကို လုပ်ငန်းခွင်ဝင်တဲ့အခါ ပြန်ပြီးကောင်းကောင်းအသုံးချနိုင်ဖို့ မျှော်လင့်ပါတယ်’ ဟု ၂၀၁၆ ခုနှစ်တွင် Honeywell UOP မှ အလုပ်သင်အခွင့်အရေးရရှိခဲ့သူတစ်ဦးကလည်း ပြောကြားခဲ့သည်။



Honeywell UOP ပညာသင်ဆုရရှိသူ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးအားတွေ့မြင်ရစဉ်။

ပညာသင်ဆုများနှင့် အလုပ်သင်အခွင့်အရေးများအပြင် Honey-well UOP မှ ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများရှိ ထိပ်တန်းတက္ကသိုလ် ၁၂ ခုတွင် ရေနံဓာတုဗေဒဆိုင်ရာ ပြန်လည်သန့်စင်ခြင်းအပိုင်း၌ သင်တန်းများကိုလည်း နှစ်စဉ်ပို့ချပေးလျက်ရှိပါသည်။ ထိုပို့ချချက်များသည် ၎င်းတက္ကသိုလ်အဖွဲ့အစည်းများရှိ ဓာတုဗေဒအင်ဂျင်နီယာဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို များစွာအထောက်အကူပြုပြီး ဒေသတွင်းရှိ ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်ပညာရှင်များ ပေါ်ထွက်လာဖို့ အကူအညီပေးလျက်ရှိပါသည်။

နှစ်စဉ်စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၇ သန်းခန့်ပိုင်ဆိုင်ပြီး လက်ရှိတွင် ထင်ရှားသိသာသည့် စီးပွားရေးအပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိရာ မြန်မာနိုင်ငံတွင် Honeywell ၏ စီးပွားရေးလုပ်ငန်းနယ်ပယ်ဖြစ်သည့် စွမ်းအင်ထုတ်လုပ်မှုနည်းပညာနှင့် ကုန်ပစ္စည်းများ၊ ကုန်ကျမှုစရိတ်သက်သာသည့် သန့်စင်စွမ်းအင်လုပ်ငန်းများ၊ ဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာ ကုန်ပစ္စည်းများနှင့်စားသုံးသူ အဆင်ပြေချောမွေ့မှုလုပ်ငန်းများသည် အရေးပါသည့်ကဏ္ဍတွင် တည်ရှိလျက်ရှိသည်။ မြန်မာနိုင်ငံစက်မှုကဏ္ဍနှင့် မြို့ပြကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Honeywell မှ မြန်မာနိုင်ငံအတွက် စိတ်ချယုံကြည်အားထားရသောလုပ်ငန်းဖော်တစ်ခုအနေဖြင့် ရေရှည်လက်တွဲလုပ်ဆောင်သွားနိုင်ရန် မျှော်လင့်စိတ်အားထက်သန်လျက်ရှိသည်။

KMC

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း
## အမှတ် (၁၅) အကြီးစားစက်ရုံ (သာဂရ) အတွက်
## Expression of Interest (EoI) ဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းရှိ အမှတ် (၁၅) အကြီးစားစက်ရုံ (သာဂရ) (ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ်ယန္တရားများ/မော်တော်ယာဉ်များထုတ်လုပ်ရန်) စက်ရုံနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများကို ဖိတ်ခေါ်ပါသည်။

၂။ အဆိုပြုလွှာပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်ရာစာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာအထောက်အထားများယူဆောင်ပြသလျက် အောက်ဖော်ပြပါအတိုင်း လာရောက်ထုတ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| အဆိုပြုလွှာ ထုတ်ပေးမည့်ရက် | - | (၂၁. ၁၁. ၂၀၁၇) ရက်နေ့ |
| အဆိုပြုလွှာ နောက်ဆုံးပေးပို့ရမည့်ရက် | - | (၁၉. ၁၂. ၂၀၁၇) ရက်နေ့၊ ၁၆း၀၀ နာရီ |
| အဆိုပြုလွှာ ထုတ်ပေး/ပေးပို့ရမည့်ဌာန | - | စီမံရေးဌာန<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊<br>ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန<br>နေပြည်တော် |
| ဆက်သွယ်ရန်ဖုန်း | - | ၀၆၇-၄၀၅၁၅၉၊ ၀၆၇-၄၀၅၃၂၂ |

## Invitation of Expression of Interest (EoI) for Cooperation with No.15 Heavy Industry (Thagaya), No.(1) Heavy Industries Enterprise, Ministry of Industry

No.15 Heavy Industry (Thagaya) (to produce Earth Moving Equipments/Automobile Vehicles) under No.(1) Heavy Industries Enterprise, Ministry of Industry is intended to cooperate with local (and) foreign entrepreneurs as PPP (JV, Lease,etc.)

Interested entities can inquiry and take over the EoI form and other indications by presenting the Company's documents at the following Dates and Place:

| | | |
|---|---|---|
| EoI Form Issued Date | : | 21.11.2017 |
| EoI Form Submitted Date | : | 19.12.2017, 16:00 pm |
| EoI Form Issued/Submitted Place | : | Planning Department<br>No.1 Heavy Industries Enterprise,<br>Ministry of Industry, Naypyitaw |
| Contact phone No. | : | 067-405159, 067-405322 |

## ပြည်တွင်းလိုင်စင်ရ ကန်ထရိုက်တာများလီမိတက်၏ ဒါရိုက်တာများရွေးချယ်ပွဲကျင်းပ

အောင်ပိုင်မျိုး

ပြည်တွင်းရှိ လိုင်စင်ရကန်ထရိုက်တာများအသင်းက တည်ထောင်သည့် ပြည်တွင်းလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာများရွေးချယ်ပွဲကို နိုဝင်ဘာလ ၅ ရက်နေ့၊ မွန်းလွဲ ၁၂ နာရီက ကုန်သည်လမ်း နှင့် ၄၅ လမ်းထောင့်ရှိ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများ အသင်းရုံးခန်းတွင်ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်ရေးကော်မတီကို အောက်တိုဘာလ ၁၆ ရက်နေ့က စတင်ဖွဲ့စည်းခဲ့ပြီး ဒါရိုက်တာအဖွဲ့ကို အများဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ခဲ့ကြောင်းသိရသည်။

ပြည်တွင်းလိုင်စင်ရ ဒါရိုက်တာအဖြစ် ရွေးချယ်ပိုင်ခွင့်ရှိသူ ၄၃ ဦးအနက် ဒါရိုက်တာအဖြစ်ဝင်ရောက်ရွေးချယ်ဖို့ အဆိုပြုလွှာတင်သွင်းသူ ၃၂ ဦးရှိခဲ့ပြီး ၄င်းတို့အထဲမှ ၁၇ ဦးကို ပြည်တွင်းလိုင်စင်ရ ကန်ထရိုက်ဒါရိုက်တာအဖြစ် မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြည်တွင်းလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက်အနေဖြင့် ဆောက်လုပ်ရေးနှင့်သက်ဆိုင်သည့်လုပ်ငန်းများ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်း ပြန်ကြားရေးတာဝန်ခံ ဒေါ်ပိုးအိဇော်ဝင်းထံက သိရသည်။

ရွေးချယ်ခံရသည့် ပြည်တွင်းလိုင်စင်ရကန်ထရိုက် ဒါရိုက်တာအဖွဲ့ဝင် ၁၇ ဦးထဲမှ ဥက္ကဋ္ဌအဖြစ်တစ်ဦးကို ပြန်လည်ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့်အသင်းတွင်ရော ကုမ္ပဏီ၌ပါ ဘာသာပေါင်းစုံပါဝင်နေခြင်းကြောင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် များစွာအကျိုးပြုမှုများဖြစ်ပွားလာနိုင်ကြောင်း ပြည်တွင်းလိုင်စင်ရကန်ထရိုက်များ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးဗညားဇော်က ပြောကြားခဲ့သည်။




## အမရပူရမြို့၌ အလှူပွဲများအတွက် ရွှေလှည်းများရွှေရောင်ပြန်တင်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် အလှူပွဲများအတွက် ရွှေလှည်းထောင်သူများက ရွှေရောင်ပြန်တင်ခြင်းများပြုလုပ်ရာ ရွှေရောင်တင်ရာတွင် ပထမဦးစွာသစ်စေးသုတ်ကြိုးခင်းပေးရသည်။ ရွှေကပ်ရန်အတွက် ဓာတ်ဆီနှင့်ကော်တို့ကို အဓိကအသုံးပြုကြသည်။

ရွှေကပ်ရာတွင် ယိုးဒယားရွှေလိပ်ကို အသုံးပြုရာ ရွှေလိပ်တစ်ခုလျှင် ငွေကျပ် ၂,၅၀၀ မှ ၃,၀၀၀ ကျော်အထိပေးရသည်။ ရွှေကပ်ရာ၌ အောက်ခံကော်ရည်နှစ်ခါသုတ်ပြီးမှစိတ်ရှည်ရှည်ဖြင့် ကပ်ကြရသည်။ ရွှေလှည်းများမှာ ပန်းပုအပြောက်အမွမ်းအဖြစ် ဒေါင်းပုံ၊ နဂါးပုံနှင့်ကနုတ်ပန်းပုံများဖြင့် ခြယ်သထား၍ ရွှေကပ်ရာတွင်လက်ဝင်ပြီး လှည်းတစ်စီးအတွက် ရွှေလိပ်သုံးလိပ်ခန့်ကုန်ကျသည်ဟု လှည်းထောင်သူများက ပြောသည်။

ရွှေလှည်းတစ်စီး၏တန်ဖိုးမှာ ငွေကျပ် ၁,၅၅၀,၀၀၀ ခန့်ရှိရာ အလှူပွဲလုပ်သူများက ရွှေလှည်းထောင်သူများထံငှားရမ်းရာတွင် ခရီးအနီးအဝေးပေါ်မူတည်၍ ခရီးနီးပါက ငွေကျပ် ၂၅,၀၀၀၊ ခရီးဝေးပါက ကျပ် ၃၀,၀၀၀ ပေးရကာ အလှူပွဲတစ်ပွဲလျှင်နွားအပါအဝင် ငွေကျပ် ၇၅,၀၀၀ အထိ ပေးရကြောင်းသိရသည်။

မျိုးလှိုင်ဝင်း



## ကရင်ပြည်နယ် ခရီးသွားနေရာသစ် တိုးချဲ့

ဝင်းမြင့်ဦး

ကရင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလာရေးဦးစီးဌာနမှ ယခင်က ခရီးသွားလည်ပတ်ခွင့်မရသော ကရင်အမျိုးသားအစည်းအရုံးပိုင် KNU ပိုင်နက်အတွင်းဒေသများကို ခရီးစဉ်တစ်ခုအဖြစ် ခရီးသွားများ သွားရောက်လည်ပတ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

အဆိုပါ ခရီးစဉ်အသစ်သည် KNU တပ်မဟာ (၇) ပိုင်နယ်မြေဖြစ်သည့် လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းရွာသစ်ရှိ ထီးဖာ့ဒို၊ ပရေကြေးတို သဘာဝရေတံခွန်များကို သွားရောက်လည်ပတ်နိုင်ရန်ဖြစ်သည်။ ယင်းခရီးစဉ်သစ်သွားရာလမ်းသည် ဘားအံ-လှိုင်းဘွဲ့၊ ၁၅ မိုင်အထိ ကတ္တရာလမ်းနှင့် ကျန်သည့်ရှမ်းရွာသစ်ရေတံခွန်သို့သွားရန်လမ်းသည် လမ်းကြမ်းနေသေးသဖြင့် လမ်းသစ်ခင်းနိုင်ရန် လုပ်ဆောင်နေကြောင်းကို ကရင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလာရေးဦးစီးဌာနမှ ပြည်နယ်တာဝန်ခံ ဦးအေးမောင်လှိုင်က ပြောကြားသည်။ ခရီးစဉ်အသစ်ဖြစ်သည့် ထီးဖာ့ဒို၊ ပရေကြေးတိုရေတံခွန် အပန်းဖြေစခန်းဖွင့်လှစ်နိုင်ပါက ဒေသဖွံ့ဖြိုးရေးနှင့်ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်လမ်းများ ရရှိနိုင်ကြမည်ဟုသိရသည်။


WEG
WATERWORKS ENGINEERING GROUP SERVICES COMPANY LIMITED
No. 18, Lanthit Road, Nanthargone Quarter, Insein Township, Yangon, Myanmar. Tel: 01 640955, 09 5048982, 09 30339681,
Fax: 01 644506, Email: weghoygn93@gmail.com, Website: www.weg-myanmar.com
Design, Installation and Consultation Services on
Water Supply and Sanitation Systems
Wastewater Systems
Water Treatment and Wastewater Treatment
Plumbing Works
WIN PILING
WIN PILING GROUP (WPG)
(a division of WEG Co.,Ltd.)
Bored Piling
Press Piling
Sheet Piling
Rotary Drilling Rig
Crawler Crane
ISO TECH LABORATORY
(a division of WEG Co.,Ltd.)
Testing of Compressive Strength
Testing of Tensile Strength
Testing of Water and Wastewater
No.18, Lanthit Road, Nanthargone Quarter, Insein Tsp, Yangon. Tel : 01 640955, 09 5014942, 09 73225175, Fax: 01 644506
Email: wpg.piling@gmail.com, Email : isotechlaboratory@gmail.com, Website: www.weg-myanmar.com


UO ME
United Orient Myanmar Engineering Co., Ltd.
No-003, Bldg "C", Yuzana St, Yuzana Highway Complex, Kamayut, Yangon.
Ph : 01-504780, 09 450 887737, 09 450 887747 , 09 450 887757 , 09 450 887767
Web : www.orientmyanmar.com , Email : admin@orientmyanmar.com
One-Stop Engineering Solutions , Consultancy Services & Supply
We Specialize
Power & Lighting
CCTV , PABX
Plumbing & Sanitary System
Fire Fighting
Fire Suppression (FM200/Novec 1230)
Micro Fire Protection
Fire Alarm System
Material Supply
NOVEC™1230
FM-200
alhua
Panasonic
POTTER
NOTIFIER
SYSTEM SENSOR
ECO7
Fire Suppression System (FM200)


ထောက်ခံချက်အမှတ် ၈၁/၀၄၁၅/ထလ
May Everybody be healthy and happy forever!
GLORY
PURIFIED DRINKING WATER
ဂလိုရီ
သောက်ရေသန့်
Manufactured by Glory Purified Drinking Water Factory
No.6, Myintzu Street, Ahmuhtan Qtr, Thanlyin Township, Yangon, Myanmar.
PH : 056-21443, 056-22809, 09-784363810, 09-778261793, 09 778261794

မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော

# Myanmar MOBILE MONEY

anywhere
anytime
anyone

ဖုန်းပိုက်ဆံ

အချိန်တိုင်း .... နေရာတိုင်း... လူတိုင်း ... အတွက် ...

## ငွေသွင်းခြင်း(Cash In)

Customer တစ်ဦး သည် မြန်မာ မိုဘိုင်းလ် မန်းနီး ဝန်ဆောင်မှု ကို အသုံးပြု လိုပါက မြန်မာ့ စီးပွားရေး ဘဏ် (သို့မဟုတ်) နီးစပ်ရာ MMM Agent ထံသို့ သွားရောက်၍မိမိ၏မိုဘိုင်းလ်ဖုန်းအတွင်းအနည်းဆုံး ငွေ(၅၀၀၀)ကျပ်မှစတင်ထည့်သွင်း၍ မိုဘိုင်းလ်ဖုန်း ပိုက်ဆံ အိတ် အဖြစ် အလွယ် တကူ အသုံးပြုနိုင်ပါသည်။

## ဖုန်းပြောခငွေဖြည့်ခြင်း(Top Up)

မြန်မာမိုဘိုင်းလ်မန်းနီး Customer တစ်ဦးသည် မိမိဖုန်းအတွင်းသို့ အလွယ်တကူ ဖုန်းဘေလ်ဖြည့်နိုင်ရုံသာမက အခြားသူ၏မည်သည့် မိုဘိုင်းလ်ဖုန်းအမျိုးအစားကိုမဆို အလွယ်တကူ ဖုန်းဘေလ်ဖြည့် ပေးနိုင်သည်။

## ငွေထုတ်ခြင်း(Cash Out)

Customer တစ်ဦးသည် ငွေလွှဲလက်စံ၍ ရရှိသော်လည်းကောင်း၊ လစာငွေရရှိသော်လည်းကောင်း၊ မိမိမိုဘိုင်းလ်ဖုန်းအတွင်းမှလက် ကျန်ငွေများကို ထုတ်လိုလျှင် သော်လည်းကောင်း၊ ဘဏ်အထိတိုက်ရိုက် သွားစရာမလိုဘဲ မြန်မာမိုဘိုင်းလ်မန်းနီး၏ကိုယ်စားလှယ်(Agent)များထံတွင် အလွယ် တကူထုတ်ယူနိုင်သည်။




## ဈေးဝယ်ခြင်း(Purchase)

မြန်မာမိုဘိုင်းလ်မန်းနီး Customer တစ်ဦးသည် Super Market များတွင် ဝယ်ယူသည့် ပစ္စည်းတန်ဖိုး အပေါ်အပိုဆောင်းကုန်ကျငွေ ထပ်မံကုန်ကျရန်မလိုဘဲ အလွယ်တကူ ဝယ်ယူနိုင်သည်။

## ငွေလွှဲပို့ခြင်း(P2P Transfer)

Customer တစ်ဦးသည် ငွေလွှဲပြောင်းလိုပါက မြန်မာမိုဘိုင်းလ်မန်းနီး(Agent) ထံတွင်မှတ်ပုံတင်ထား ရန်လို အပ်ပြီး မိမိလွှဲပြောင်းလိုသည့် ငွေကြေးပမာဏကို ကြိုတင် ထည့်သွင်းထားရန်လိုအပ်ပါသည်။မိမိလွှဲပြောင်းလိုသူ၏ မိုဘိုင်းလ်ဖုန်းအတွင်းသို့ အချိန်မရွေး ဖုန်းလိုင်းမိရုံဖြင့် အချိန်တိုအတွင်း လွယ်ကူစွာလွှဲပြောင်းပေးနိုင်ပါသည်။

## လစာပေးခြင်း(Salary Disbursement)

ဝန်ထမ်းများ၏ လစာငွေများကိုဘဏ်မှ Myanmar Mobile Money Service ဖြင့်ဝန်ထမ်းများ၏ မိုဘိုင်းလ်ဖုန်းအတွင်း သို့လွှဲပြောင်းပေးခြင်းဖြစ်ပြီး အချိန်ကုန်ခြင်းနှင့် စရိတ်စရိတ်များကို သက်သာ စေနိုင်ပါသည်။

အမှတ် – ၅၁ / ၈၅၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့ နယ်၊ ရန်ကုန်မြို့။ဖုန်း – ၀၉ – ၃၁၀၀၁၅၂၉၊ ၀၉ – ၃၁၀၀၁၅၃၀၊ ၀၉ – ၃၁၀၀၁၅၃၁၊ ၀၉ – ၃၁၀၀၁၅၃၂

Call Center - 1212 , Website - www.myanmarmobilemoney-easypay.com

---

လူကြီးမင်းတို့၏ နေအိမ်ကို ချိုသာသောဈေးနှုန်း၊ အကောင်းဆုံးပစ္စည်းများနှင့် လျင်မြန်မှန်ကန်နိုင်မှာစွာ ဆောက်လုပ်လိုပါသလား?

ENDUROFRAME® ရှိတယ်လေ!

- AZ150 (အလူမီနီယမ် 55% နှင့် သွပ် 45%) သတ္တုလွှာ ဖုံးအုပ်ထားခြင်း
- 5,500kg/cm2(G550) ဆန့်နိုင်အားမြင့်သောသံမဏိကို အသုံးပြုထားခြင်း
- ဆားမှုတ်စမ်းသပ်ချက် (Salt Spray Test) အောင်မြင်ပြီးဖြစ်၍သံချေးတက်ခြင်းကိုမြင့်မားသောခံနိုင်ရည်ရှိခြင်း
- Enduroframe® ကိုဆန့်နိုင်အားမြင့်သော သံမဏိဖြင့်အသုံးပြုထားပြီး ဆိုင်ကလုန်းမုန်တိုင်းဇရိယာတွင်လေပြင်းအား(54m/s) အထိခံနိုင်ခြင်း



**Mansard Truss Frame**
(တစ်ဆစ်ချိုးခေါင်မိုး)




**Cantilever Truss Frame**
(အခုံးပုံစံခေါင်မိုး)



**Bell Truss Frame**
(ခေါင်းလောင်းပုံထောက်တိုင်)




**Scissor Truss Frame**
(ကတ်ကြေးပုံထောက်တိုင်)



**Cut off Truss Frame**
(ဖြတ်ပိုင်းပုံထောက်တိုင်)



ENDURO FRAME®




### ENDUROFRAME® နှင့်ဈေးနှုန်းနှိုင်းယှဉ်ခြင်း

| Particular | PAE ၁ ပေပတ်လည်ဈေးနှုန်းများ |
|---|---|
| R.C ကွန်ကရစ် | ၂၄၀၀၀ ကျပ်နှင့်အထက် |
| သံစတီး(H beam, I beam) | ၂၀၀၀၀ ကျပ်နှင့်အထက် |
| ENDUROFRAME® | ၉၀၀၀ မှ ၁၄၀၀၀ ကြား |

### ENDUROFRAME® နှင့် ဆောက်လုပ်ကြာမြင့်ချိန်နှိုင်းယှဉ်ချက်

| ပေ ၄၀ ပတ်လည် လုံးချင်းအိမ် | ဆောက်လုပ်ရန်လိုအပ်သည့်အချိန် |
|---|---|
| R.C ကွန်ကရစ် | ၁လခွဲနှင့် အထက် |
| သံစတီး(H beam,I beam) | ၁လခွဲနှင့် အထက် |
| ENDUROFRAME® | ၁၀ ရက်မှ ၂၀ ရက်အတွင်း |

**EVA STEEL CO.,LTD**

Factory Office : No.22/23, De Pae Yin Win Htauk U Myae Road, Hlaing Thar Yar Industry Zone (3), Yangon, Myanmar. Tel : 01-3685614, 3685615, 3685133, 3685015 Fax : (01) 3685128
Sale Center-1 : No.11,12,13 Building 95, Sawbwagyigone, Insein Tsp, Yangon. Tel : 01-3643690, 3646699, 09-262889122, 09-262889123
Sale Center-2 : No.8,9 Building 130, Sawbwagyigone, Insein Tsp, Yangon. Tel : 01-3647699, 3647767, 01--9640077, 01-9640078
Sale Center-3 : G20/21, Thiri Yadanar Shop House, North Okkalapa Tsp, Yangon. Tel : 09-420117768, 09-420117769
Sale Center-4 : No.412, Magaway Street, 9th Quarter, Hlaing Thar Yar Tsp, Yangon. Tel : 09-262889077, 09-262889088
Sale Center-5 : No.6, SY Housing, 78th Street, Between 29 X 30 Street, Mandalay. Tel : 02-36482, 09-6806589
Sale Center-6 : No.173, Kyaikkami Road, Daungzayat, Zaykyoyat, Mawlamyine. Tel : 057-26471, 09-262889199, 09-765889188, 09-764889188

Page Designed by Sig Naing (Special Media) 09-454588994, 09-448001483


ALPINE
Purified Drinking Water
PROMISES PURITY
Tel: +959 730 971 36, +959 730 971 37



AHLONE INTERNATIONAL PORT TERMINAL (1)
MYANMAR
အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း
Ahlone Road , Ahlone Township , Yangon , Myanmar.
Ph : + 951 2302216 , + 951 2302217 , Fax : +951 2302215 , Email : portinfo@aipt1.com

# ‘ရိတ်သိမ်းခြွေလှေ့ပြီးစပါးများ တာရှည်သိုလှောင်ထိန်းသိမ်းထားနိုင်ရန် Silo (၂) လုံးကို ရခိုင်ပြည်နယ်သို့ မကြာမီပို့ဆောင်ပေးတော့မည်’



ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် စိုက်ပျိုးထားသောလယ်ကွင်းများမှ စပါးများကို ရာသီချိန်အမီရိတ်သိမ်းခြွေလှေ့လျက်ရှိရာ ထွက်ရှိလာသည့်စပါးများကို တာရှည်သိုလှောင်ထိန်းသိမ်းထားနိုင်ရန် အထူးလိုအပ်လျက်ရှိပါသည်။

စက်မှုဝန်ကြီးဌာနနှင့် Myanmar Trade Center Co.,Ltd. တို့ပူးပေါင်း၍ တန်ချိန် (၅၀၀) ဝင်ဆံ့သည့် Silo (၂) လုံး အမြန်တည်ဆောက်တပ်ဆင်နေပြီး ယခုလကုန်ပိုင်းအတွင်း ရခိုင်ပြည်နယ်သို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ Silo များကို ပြည်တွင်း၌ပင် ဆက်လက်ထုတ်လုပ်တပ်ဆင်၍ စိုက်ပျိုးရေးကဏ္ဍ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရောင်းချပေးနိုင်ရန် စက်မှုဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




## စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ဓာတ်ခွဲခန်းတွင်အသုံးပြုမည့် Glass Apparatus (Instrument) များအား **မြန်မာကျပ်ငွေဖြင့်** ဝယ်ယူလိုပါသည်။

တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက် - ၂၀. ၁၁. ၂၀၁၇ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁. ၁၂. ၂၀၁၇ ရက်၊ ၁၆း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စာချုပ်စာတမ်းများစိစစ်ရေးဌာန**
**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၅၃၃၆**

